မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ သြဂုတ် ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၁၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထွက်ကောင်းစပါးများ ပြောင်းလဲစိုက်ပျိုး နိုင်ငံတော်က အခြေခံကောင်းများ ထူထောင်ပေးထားပြီးဖြစ်၍ အလုပ်ကိုပိုမိုလုပ်ကိုင် ရရှိသည့်ဝင်ငွေကို စနစ်တကျစုဆောင်း၊ လူမှုစီးပွားဘဝမြင့်မားအောင် ကြိုးစား

ရန်ကုန် သြဂုတ် ၁၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၈ နာရီ ၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာသို့ ရောက်ရှိသည်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးလှအေးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သရက်သုံးပင်ကျေးရွာလူထုသောက်သုံးရေအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံအခြေစိုက် Rimbunan Petrogas ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံအခြေစိုက် UNOG ကုမ္ပဏီတို့မှ လှူဒါန်းထားသည့် ရေသန့်စင်စက်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မေးမြန်းသည်။

ကြိုးစားဆောင်ရွက်

ဆက်လက်၍ ကျေးရွာရှိ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းကို ကြိုးစားဆောင်ရွက်ရန်၊ ရရှိလာသည့်ငွေကြေးကို စုဆောင်း၍ မိမိတို့၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ ကျောင်းနေအရွယ်ကလေးများအား ပညာတတ်စေရန် စာပေသင်ကြားနိုင်ရေးဆောင်ရွက်ပေးကြရန် မှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

ဒေးဒရဲမြို့နယ် ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် ရေလုပ်သားများအား ထောက်ပံ့ပေးအပ်မည့် ငါးဖမ်းလှေများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၁၈ ရက်)

နိုင်ငံတော်၏ ရေ မြေ သယံဇာတစွမ်းအား အသုံးချ သီးနှံစိုက်စွမ်းအား တိုးမြှင့်ရေး ကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံ ဖြစ်သည်။ နိုင်ငံ၏ ပင်မစီးပွားရေးထုတ်ကုန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ယှဉ်တွဲချိတ်ဆက်၍ အခြေပြုနေသည်။

နိုင်ငံတော်၏ တိုးတက်လာသော လူဦးရေအတွက် စားဝတ်နေရေး ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရန် လိုအပ်သည်။ စိုက်ပျိုးရေးထုတ်ကုန် တိုးတက်ရေးအတွက် မြေဧရိယာများ တိုးချဲ့ရေးအပြင် သီးနှံများ အရည်အသွေးမြင့်မားရေး၊ အထွက်နှုန်း မြင့်မားရေးတို့ကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထွက်ရှိရေးအတွက် ရေ၊ မြေ၊ သယံဇာတစွမ်းအားများ အပြည့်အဝဖော်ထုတ် အသုံးချရန်၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံထွက်စွမ်းအားတိုးမြှင့်ရန်၊ စက်ယန္တရားအင်အား တိုးမြှင့်သုံးစွဲရန် ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် သုံးစွဲရန်တို့သည် အရေးပါလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိပြီး တောင်သူလယ်သမားများက ပလပ်မြေများ၊ မြေလွတ် မြေရိုင်းများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို နည်းလမ်းကြံဆ ဖော်ထုတ်စိုက်ပျိုးခဲ့သဖြင့် သီးနှံစိုက် ဧရိယာများ တိုးပွားလာခဲ့သည်။

စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် နိုင်ငံတော်က ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးအစီအမံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှု၍ လယ်ယာစိုက်ပျိုးရေး ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီနည်း ပညာများဖြင့် ပေါင်းစပ်လျက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာ၌ တိုင်းရင်းသားပြည်သူများက ကျရာအခန်းကဏ္ဍမှ လက်တွဲပါဝင် ဆောင်ရွက် ကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးသိန်းမောင်အားရည်စူး၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၄)ရပ်ကွက် အေးရိပ်မွန်အိမ်ရာ တိုက်၁၉ အခန်း၀၀၆နေ ဒေါ်ဆန်းညွန့်မိသားစုက ဒဂုံမြို့နယ် အမှတ်၁၂/၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ကျောင်းတော်ကြီးနှင့် စစ်ကိုင်း-မင်းကွန်းကားလမ်းအတွက် အလှူငွေကျပ် ၃၃၀၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၈-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိခေတ်ကာလယခု ဖြစ်လာရတဲ့အမှုမှာ
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၂၀)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်မှုကျင်းပ

ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တတိယနှစ်၊ ဒုတိယနှစ် (ဂုဏ်ထူးတန်း)နှင့် ဘွဲ့လွန် အနုပညာဒီပလိုမာ ကျောင်းသား ကျောင်းသူများ၏ (၁၂)ကြိမ်မြောက် ဘွဲ့ယူလက်ရာမွန် ပြပွဲနှင့် စင်တင် တင်ဆက်မှုအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၏ ကောင်စီဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သဘင်၊ ဂီတနှင့် ရုပ်ရှင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တာဝန်ရှိသူများသည် အမျိုးသားဇာတ်ရုံ၌ ခင်းကျင်းပြသထားသည့် အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပန်းချီပညာအထူးပြုဖြင့် ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများ၏ လက်ရာမွန်ပန်းချီကားများကို လည်းကောင်း၊ ပန်းပုပညာ အထူးပြုဖြင့် ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများ၏ ပန်းပု ရုပ်တုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

တင်ဆက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တာဝန်ရှိသူများ သည် ဂီတအထူးပြုနှင့် သဘင်အထူးပြုတို့ဖြင့် ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများ၏ တင်ဆက်မှု အစီအစဉ်များနှင့် ပျဉ်းမနားမြင့်လှိုင်ရေးသားသော ကျားဆိုးလာရင် မြားမိုးရွာမယ် ရုပ်သေးဇာတ်လမ်းနှင့် အာနန္ဒာလိုစိတ်ဓာတ် ဇာတ်ကြီး တင်ဆက်မှု တို့ကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း** တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ)
၇း၅၅-၁း၅၅ မျောလေးမျောသမိုင်းဝင်… ဇမ္ဗူတစ်ခွင်ကြည်ညိုဝပ်တွား ကျိုက်ပေါ်လော မဲ့ရှင်တော်ဘုရား
၈း၂၅-၂း၂၅ VJ Choice
၈း၄၅-၂း၄၅ Activities in the City (ဆရာတော် ရွှေမန်းဦးသုရိယ ဝိဇ္ဇာတမွေးနေ့၊ ကျောင်းရေစက်ချ အလှူမင်္ဂလာပွဲ)
၈း၅၅-၂း၅၅ တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅ ရွှေးချယ်အစုံစုံရင်သွေးရိပ်မြုံ (ES4E Language and Training Centre)
၉း၃၅-၃း၃၅ တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀ Treasure from the Earth (အပိုင်း-၂)
၁၀း၀၅-၄း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀-၄း၁၀ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ဝက်လျှာနှင့် ကြက်ဟင်းခါးသီးအချိုချက်)
၁၀း၃၀-၄း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅ မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀ ကော်ဇောမှာအသွင်ဆန်း ဒေါပုံကော်ဇောအစွမ်း
၁၁း၀၅-၅း၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀ လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၁း၃၅-၅း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀ Celebrity Style (ခင်လေးနွယ်နှင့်တွေ့ဆုံခြင်း)
၁၂း၁၀-၆း၁၀ Bonsai တို့ဖြစ်တည်ရာ Bonsai Villa
၁၂း၃၀-၆း၃၀ တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အဆိပ်သင့်ရောဂါ အမျိုးမျိုးအကြောင်း) ဒေါက်တာမျိုးလွင်ငြိမ်းနှင့် တွေ့ဆုံခြင်း
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၃တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များလှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၃တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးနှင့်ဘာသာရေး အသင်းအဖွဲ့ဝင်များနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် အောင်မြေရတနာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏသေဋ္ဌ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အောင်မြေရတနာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏသေဋ္ဌအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆွမ်းဆန်တော်လှူဒါန်း

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၁၀၀၀၀စီ၊ မေတ္တာမွန်ဆွမ်းလောင်းအသင်း ၁၀ရပ်ကွက်က ငွေကျပ်သိန်း၂၀၊ တောင်ဥက္ကလာပမြို့နယ်မှ ပြည်သူများက ငွေကျပ်၁၀သိန်း၊ စက်မှုလုပ်ငန်းရှင်များနှင့် (၈)ရပ်ကွက်ပြည်သူများကငွေကျပ်၉၂၀၀၀၀၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ် ၅၀၀၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်) က ငွေကျပ် ၂၀၀၀၀၀၊ ဦးဇော်ဝင်း (Super Coffeemix)က ငွေကျပ် ၃၅၅၅၅၅၊ မြို့နယ်ပညာရေးမိသားစုက ငွေကျပ် ၃၅၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)ကငွေကျပ် ၃၀၇၀၀၀၊ ဦးဗိုလ်ဆိုင် (တက်နေကုမ္ပဏီ လီမိတက်၊ ဦးတင်လတ် (စိန်ဒိုင်းမွန်း သဘော်ဆေးစက်ရုံ)နှင့် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ သမားတော်ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီဒေါ်သန်းသန်းတို့က ငွေကျပ် ၃၀၀၀၀၀စီ၊ ဦးထွန်းမြင့်- ဒေါ်စန်းစန်းဦး (မဉ္ဇူထွန်းမြင့်ကုမ္ပဏီ လီမိတက်-ဘုတ်ဆုံမငရုတ်သီးမှုန့်)က ငွေကျပ် ၂၁၀၀၀၀၊ ဥက္ကလာပစေတီတော်ဂေါပကအဖွဲ့၊ မြို့နယ်ဆီကုန်သည်များအသင်း၊ ဦးကျော်ကျော်ရှိန်-ဒေါ်ခင်မာဦး (သိင်္ဂီဝိုင်းစတိုး)နှင့် ဦးမြင့်ဆန်း(၁၀) ရပ်ကွက်တို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ဦးမျိုးဝင်းမြင့် (၁၀)ရပ်ကွက်က ငွေကျပ် ၁၅၀၀၀၀၊ ဒေါ်လှလှ (လမ်းမတော်မြို့နယ်) က ငွေကျပ် ၁၁၁၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)-ဒေါ်မြသွေးတို့က ငွေကျပ် ၁၁၀၀၀၀၊ ဦးစံငြိမ်း (၉)ရပ်ကွက်၊ ဦးအောင်စိန်-ဒေါ်မြမြတင် မိသားစု (၁၄)ရပ်ကွက်၊ ရဲမှူးကြီးဝင်းနိုင် (ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး) မိသားစု၊ ဦးသိုက်ထွန်း-ဒေါ်ခင်မြတ်ပို(၁၄)ရပ်ကွက်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် အသင်းများ၊ ဦးမောင်မောင်ဦး (မင်္ဂလာရွှေအုပ်တိုင်းရင်းဆေး)၊ ဦးစိန်မင်း (ဝင်းညွှန့်ဒန်အိုးစက်)၊ ဦးဝင်းကျော်(သရဖူစံ ပလတ်စတစ်လုပ်ငန်း)၊ မြို့နယ်အနေ့ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် လုပ်သားများနှင့် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါတိုင်းရင်းဆေး)တို့က ငွေကျပ် ၁၀၀၀၀၀စီနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်၂၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဗိုလ်မှူးကျော်စိုးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

အနုမောဒနာတရားဟောကြား

ထို့နောက် အောင်မြေရတနာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏသေဋ္ဌက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၁၄၂ အိတ် ၁၈ပြည်၊ ဆီ ၇၁ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၁၂၁၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၃၆ဘူး၊ သွားတိုက်ဆားဘူး ၁၄၂ဘူး၊ ပဲ ၁၄၂ပိဿာ၊ ငရုတ်သီးမှုန့် အထုပ်၅၀၀၊ ကြာဆံ ၃၉ထုပ်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၉၃၃၃၅၅၅ကျပ် ဖြစ်သည်။

ကျင်းပ

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၄တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် လှိုင်မြို့နယ်(၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်းရှိ ပဏ္ဍိတာရာမ စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ ပဏ္ဍိတာရာမစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် တိုင်းမှူး၊ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆန်၊ ဆီ၊ ဆား

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၂၀၀၀၀၀၊ ဦးလှထွန်း(ဥက္ကဋ္ဌ၊ မေတ္တာဝါဒီကျောင်း ကြီးကြပ်ရေးကော်မတီ)က ငွေကျပ် သိန်း ၅၀၊ ဦးချောင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ရွှေစင် မိသားစု (Gold Uni Jewellery Co., Ltd.)က ငွေကျပ်၁၀သိန်း၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ်၅၀၀၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီလီမိတက်)က ငွေကျပ်၂၀၀၀၀၀၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် (Gunkul Engineering and Fresh Air Conditioners Co., Ltd.)၊ စရီမာရီယမ္မာန်ဘုရားကျောင်း ဂေါပကအဖွဲ့နှင့် ဦးဇော်ဝင်း (အတွင်းရေးမှူး၊ စရီမာရီယမ္မာန်ဘုရားကျောင်း ယာယီထိန်းသိမ်းရေးကော်မတီ)တို့က ငွေကျပ် ၅၀၀၀၀၀ စီ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း- သီရိသုဓမ္မသိင်္ဂီဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)က ငွေကျပ် ၃၆၀၀၀၀၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမငရုတ်သီးမှုန့် ရောင်းဝယ်ရေး)က ငွေကျပ် ၃၁၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု) က ငွေကျပ် ၃၀၇၀၀၀၊ ဦးသန်းဦး-သုဓမ္မသိင်္ဂီ ဒေါ်မေသန်းနွယ် (သိင်္ဂီရွှေရည်ဓာတ်ပုံတိုက်)၊ အဂ္ဂမဟာ သုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ သမားတော် ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)နှင့် လှိုင်မြို့နယ် အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ၃၀၀၀၀၀စီ၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ) က ငွေကျပ် ၂၀၆၀၀၀၊ လှိုင်မြို့နယ် ပညာရေးမှူးရုံးနှင့် အခြေခံပညာကျောင်းများက ငွေကျပ် ၂၀၀၀၀၀၊ ဒေါ်သန်းနု(ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့)က ငွေကျပ် ၁၅၅၀၀၀၊ ဦးမောင်မောင်ထွေးနှင့် သစ်စက်လုပ်ငန်းရှင်များနှင့် လှိုင်မြို့နယ် ဆီကုန်သည်များအသင်းတို့က ငွေကျပ်၁၅၀၀၀၀၊ လှိုင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် ဌာနဆိုင်ရာများက ငွေကျပ် ၂၉၇၈၀၀၊ လှိုင်မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများက ငွေကျပ် ၁၁၆၀၀၀၊ ဒေါ်လှလှ (လမ်းမတော်မြို့နယ်)က ငွေကျပ် ၁၁၁၀၀၀၊ ဒေါ်သန်းသန်းဦး (ဒဂုံဂျစ်ကားထုတ်လုပ်ရေး)၊ ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်(ဆန္ဒမွန်ဆေးဝါးနှင့် အလှကုန်ထုတ်လုပ်ဖြန့်ချိရေး)နှင့် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါတိုင်းရင်းဆေး)နှင့် ဦးမောင်မောင်သန်း၊ ဦးအောင်သန်းတို့က ငွေကျပ် ၁၀၀၀၀၀စီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များကိုယ်စား တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ပဏ္ဍိတာရာမစာသင်တိုက် ပဓာနနာယကဆရာတော်က အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်းမှု

လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော်အိတ် ၂၅၀ သုံးပြည်၊ ဆီ ၁၃၂ပိဿာ ၅၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၂၂၅ပိဿာ၊ သွားတိုက် ဆားဘူး ၂၄၄ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၆၆၇ဘူး၊ ပဲ၂၄၅ပိဿာ၊ ငရုတ်သီးမှုန့် အထုပ် ၅၀၀၊ ရွှေဝါဆပ်ပြာအတောင့် ၄၀၀၊ ဆပ်ပြာမှုန့် ၁၄၄တုံးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်၁၃၁၂၅၇၅၀ဖြစ်သည်။

(သတင်းစဉ်)

18-8 (03).pmd 1 3/16/2003, 5:46 AM

ဗီယက်နမ် ပင်လယ်အစားအစာလုပ်ငန်း ဝင်ငွေမြင့်တက်

ဟန်နွိုင်း ဩဂုတ် ၁၇

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ် ခုနစ်လအတွင်း ပြည်ပ နိုင်ငံများသို့ ပင်လယ်အစားအစာ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ၃သန်း ဝင်ငွေရရှိခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၁၇ ဒသမ ၇ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဒေသတွင်းလုပ်ငန်းရှင်များက ပြောကြားသည်။ ပြည်ပ ဈေးကွက်များဖြစ်သည့် တရုတ်၊ အမေရိကန်၊ ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယားအစရှိသည့် နိုင်ငံများသို့ ၎င်းနိုင်ငံ၏ ပင်လယ်အစားအစာများကို တင်ပို့လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်၌ ပင်လယ်အစားအစာမူဝါဒပြင်

ဒါကာ ဩဂုတ် ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တစ်လအတွင်း တိုင်းပြည်၏ ပင်လယ်ရေထွက်အစားအစာ ထုတ်လုပ်သည့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လယ်ရေထွက်အစားအစာ ထုတ်လုပ်မှု လုပ်ငန်းကို ချုပ်ကိုင်ထားသည့် မူဝါဒအား ပြင်ဆင်သတ်မှတ်ပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ပင်လယ်ရေထွက် အစားအစာထုတ်လုပ်မှုလုပ်ငန်း အထူးလက်ထောက် အကြံပေး အရာရှိ မာနစ်ခ်လာလ်ဆမက်ဒါက ပြောကြားသည်။

မြန်မာ့အလင်း ၁၇-၈-၂၀၀၈

အာရှနိုင်ငံများ၏ ပင်လယ်အစားအစာ သတင်းပဒေသာ

ပင်လယ်အစားအစာလုပ်ငန်း လေ့လာရန် ရုရှားကျွမ်းကျင်သူအဖွဲ့ ဟန်နွိုင်းရောက်ရှိ

ဟန်နွိုင်း ဩဂုတ် ၁၇

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာထုတ်လုပ်မှုလုပ်ငန်းများနှင့် ရုရှားနိုင်ငံသို့တင်ပို့မည့် ပင်လယ်အစားအစာ အရည်အသွေးစစ်ဆေးရေးအတွက် ရုရှားကျွမ်းကျင်ပညာရှင်အဖွဲ့သည် ဟန်နွိုင်းမြို့သို့ ဩဂုတ် ၁၂ရက်မှ ၁၈ရက်အထိ အလုပ်သဘောလာရောက်လည်ပတ်လျက်ရှိပြီး နှစ်နိုင်ငံအနေဖြင့် ပင်လယ်စာတင်ပို့မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်ပင်လယ်အစားအစာတင်ပို့မှု အဖွဲ့က ပြောကြားသည်။

ဗီယက်နမ် ပင်လယ်အစားအစာ အမှာစာများရရှိ

ဟန်နွိုင်း ဩဂုတ် ၁၇

ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သော ပင်လယ်အစားအစာများအနက် ငါးခူ (အောက်ပုံ) သည် သန့်ရှင်းလတ်ဆတ်ပြီး ရောဂါဘယကင်းရှင်းကြောင်း၊ ထို့ကြောင့် ဇန်နဝါရီလကတည်းက ယနေ့အထိစားသုံးသူ ပင်လယ်ရပ်ခြားနိုင်ငံများမှ အမှာစာ ၁၀၀ခန့် ရရှိခဲ့ကြောင်း ဗီယက်နမ် ပင်လယ်အစားအစာထုတ်လုပ်မှုလုပ်ငန်းဌာနမှ ဩဂုတ် ၁၇ရက်က သတင်းထုတ်ပြန်ခဲ့သည်။

အိန္ဒိယပင်လယ်စာလုပ်ငန်း ပြန်လည်ဦးမော့လာ

နယူးဒေလီ ဩဂုတ် ၁၇

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်က အိန္ဒိယနိုင်ငံ၏ ပင်လယ်စာလုပ်ငန်း ကျဆင်းခဲ့ရာမှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ဦးမော့လာခဲ့ကြောင်း အိန္ဒိယစီးပွားရေးသတင်းစာက ရေးသားဖော်ပြသည်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်၌ ပင်လယ်စာလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၉၉သန်းရရှိခဲ့ရာ ယမန်နှစ် အလားတူ ကာလကထက် ၂ဒသမ၅ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ပင်လယ်အစားအစာ အရည်အသွေးမီရေး မလေးရှားအစိုးရကြပ်မတ်

ကွာလာလမ်ပူ ဩဂုတ် ၁၇

မလေးရှားနိုင်ငံ၏ ပင်လယ်အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းခြောက်ခုမှာ ဥရောပစံချိန်စံညွှန်းမပြည့်မီဘဲ ပယ်ချမှုခံခဲ့ရပြီးနောက်ပိုင်း မလေးရှားအစိုးရအနေဖြင့် ပင်လယ်အစားအစာ အရည်အသွေး တိုးတက်ကောင်းမွန်ရေးကော်မရှင်ကို ဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်စေခဲ့ကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းစုက ပြောကြားသည်။

(ကိုးကား- အင်တာနက်နှင့်ဆင်ဟွာသတင်းများ)

အိန္ဒိယ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုံခြုံရေးတပ်ဖွဲ့ အင်အားတောင့်တင်းရန်လိုဟုဆို

နယူးဒေလီ ဩဂုတ် ၁၇

အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့သည် အိန္ဒိယနိုင်ငံ၏ သွေးစည်းညီညွတ်ရေးကို အဓိကစိန်ခေါ်မှုအဖြစ် ပေါ်ပေါက်လာကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။

ပြောကြား

လွတ်လပ်ရေး နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားတွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဗုံးခွဲတိုက်ခိုက်

လွန်ခဲ့သည့်လ အနည်းငယ်အတွင်းတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ထောင်ပေါင်းများစွာသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ချထားခဲ့သည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် ထောက်လှမ်းရေးတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ အင်အားတောင့်တင်းရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

လကြတ်မှု ထူးခြားစွာဖြစ်ပေါ် ကမ္ဘာ့ဒေသအချို့မှ မြင်တွေ့ခဲ့ရ

အာကာသသိပ္ပံ

ဩဂုတ် ၁၆ရက်က နေ၊ ကမ္ဘာနှင့် လဂြိုဟ်တို့ တစ်တန်းတည်း ဖြစ်ကာ ကမ္ဘာ၏ အရိပ်သည် လဂြိုဟ်ပေါ်သို့ ကျရောက်ခဲ့ပြီး လကြတ်ခြင်းဖြစ်ပေါ်ခဲ့ကြောင်း ပြင်သစ်နိုင်ငံမှ နက္ခတ္တဗေဒပညာရှင်များက ပြောကြားသည်။

မြင်တွေ့

ထို့ကြောင့် ကမ္ဘာ့ဒေသ တချို့မှ ပြည်သူများအနေဖြင့် လကြတ်ခြင်းကို မြင်တွေ့ခဲ့ရသည်ဖြစ်ရာ ယင်းဒေသများမှာ အာဖရိက၊ ဥရောပအရှေ့ပိုင်းနိုင်ငံများ၊ အာရှအလယ်ပိုင်းနိုင်ငံများ၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လကြတ်မှုကို ဥရောပ အနောက်ပိုင်းနှင့် ဗြိတိန်နိုင်ငံတို့မှလည်း မြင်တွေ့ခဲ့ကြရသည်။ လကြတ်မှုဖြစ်ပွားသည့် အချိန်မှာ ဩဂုတ်၁၆ရက် ဂရင်းနစ်စံတော်ချိန် ၁၈နာရီ ၂၃မိနစ်၌ ဖြစ်သည်။

လကြတ်မှု အနေအထားမှာ ကမ္ဘာဂြိုဟ်၏ အရိပ်ကြောင့် ၈၀ရာခိုင်နှုန်းအထိ လကြတ်မှုဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ (အင်တာနက်)

ပိုလန်-အမေရိကန် ဒုံးခွင်းဒုံးစနစ် ရုရှားသံအမတ်ကြီး ဝေဖန်ပြစ်တင်

မော်စကို ဩဂုတ် ၁၇

ဂျော်ဂျီယာ အကျပ်အတည်းကြုံတွေ့နေစဉ်မှာပင် အမေရိကန်နှင့်ပိုလန်တို့ ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ သဘောတူညီကြခြင်းမှာ ထိုဒုံးခွင်းဒုံးစနစ်သည် ရုရှားနိုင်ငံကိုရည်ရွယ်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ဆိုင်ရာ ရုရှားသံအမတ်ကြီးဒီမီထရီရိုဂိုဇင်က ဩဂုတ် ၁၅ရက်တွင် ပြောကြားသည်။

ဂျော်ဂျီယာအခြေအနေနှင့် ပတ်သက်၍ ရုရှားနှင့်အမေရိကန် ဆက်ဆံရေး အကျပ်အတည်းဖြစ်ချိန်တွင် အမေရိကန်နှင့် ပိုလန် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းမှာ ယင်းဒုံးခွင်းဒုံးစနစ်သည် အီရန်အတွက်မဟုတ်ဘဲ ရုရှားကို ရည်ရွယ်ခြင်းဖြစ်ကြောင်း သံအမတ်ကြီး ဒီမီထရီရိုဂိုဇင်က ပြောကြားလိုက်သည်။

ဂျော်ဂျီယာ အကျပ်အတည်းတွင် အမေရိကန်က ရုရှားကိုကူညီရန် ပျက်ကွက်ကြောင်း ရုရှားသံအမတ်ကြီးက ဝေဖန်လိုက်ပြီး နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်စေနိုင်သည်ဟုလည်း ၎င်းက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်၌ အကြမ်းဖက်နှိမ်နင်းမှု နှစ်ရက်ကြာ စစ်ဆင်ရေးပြုလုပ်

ကဘူးလ် ဩဂုတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသ၌ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့မှ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် အကြမ်းဖက်သမားများက စက်သေနတ်များ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် ညွန့်ပေါင်းတပ်ဖွဲ့နှင့် အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့(အေအင်န်အက်စ်အက်ဖ်)တို့ ပူးပေါင်းကာ ပြန်လည်စစ်ဆင် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား သုံးဒါဇင်ကျော်အား သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ဩဂုတ် ၁၄ရက်က စစ်ဘက်ဆိုင်ရာ ကြေညာချက်၌ ဖော်ပြသည်။

ဝင်ရောက်တိုက်ခိုက်

အဆိုပါ စစ်ဆင်ရေး နှစ်ရက်ကြာတိုက်ပွဲတွင် ညွန့်ပေါင်းတပ်ဖွဲ့နှင့်(အေအင်န်အက်စ်အက်ဖ်)တို့က လေကြောင်းမှဝင်ရောက်တိုက်ခိုက်သဖြင့် သောင်းကျန်းသူများ၏ အသုံးပြုယာဉ်များ၊ လက်နက်များ၊ သိုလှောင်ထားရှိသည့် ဘိန်းများကို သိမ်းဆည်းရမိပြီး ရန်သူအများအပြားကို ချေမှုန်းနိုင်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် အာဖဂန် အရပ်သားနှစ်ဦးသေဆုံးပြီး တချို့ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တပ်ဖြန့်ချထား

အာဖဂန်၌ ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် လွန်ခဲ့သည့် သုံးနှစ်တာ ကာလကတည်းက နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ပေါင်း ၇၀၀၀၀ခန့် တပ်ဖြန့်ချထားလျက်ရှိသည်။

စစ်သွေးကြွများ

ယခုနှစ်အတွင်း အာဖဂန်၌ အကြမ်းဖက် တိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးများကြောင့် စစ်သွေးကြွများ အပါအဝင် တပ်ဖွဲ့ဝင်များနှင့် ပြည်သူ ၂၅၀၀ကျော် သေဆုံးခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ၏ နယ်မြေတည်တံ့ရေး ဒေသတွင်း နိုင်ငံအားလုံးအတွက် အရေးကြီး

အန်ကာရာ ဩဂုတ် ၁၇

အီရတ်နိုင်ငံ၏ နယ်မြေတည်တံ့ရေးနှင့်တည်ငြိမ်ရေးမှာ ဒေသတွင်းနိုင်ငံအားလုံး၏ အကျိုးငှာဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဩဂုတ်၁၅ရက်တွင် ပြောကြားလိုက်သည်။

ဝေဖန်ပြောကြား

လုပ်ငန်းသဘောအရ နှစ်ရက်ကြာနေထိုင်ရန် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ ရောက်လာသည့် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။

ကာကွယ်ရန်

အမေရိကန်တပ်များ ရုပ်သိမ်းသွားသောအခါ အီရတ်၌ အာဏာဟာကွက်ရှိမည်ဖြစ်ပြီး လွတ်လပ်သည့်နိုင်ငံများဖြင့် ထိုဟာကွက်ကို ဖြည့်သင့်ကြောင်း၊ ဒေသတွင်း နိုင်ငံများမှာ စွမ်းဆောင်နိုင်ကြောင်း၊ အီရတ်နိုင်ငံကို မိမိတို့အားလုံး ကာကွယ်ရန် လိုအပ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြစ်ကျဉ်းသုံးသွယ် စီမံကိန်းမှ လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီ ဘီလီယံ ၂၅၀ကျော် ထုတ်လုပ်နိုင်

ရီချန် ဩဂုတ် ၁၇

တရုတ်နိုင်ငံရှိ မြစ်ကျဉ်းသုံးသွယ် ရေအားလျှပ်စစ်စီမံကိန်းသည် ၂၀၀၃ခုနှစ် ဇူလိုင်လမှစတင်ကာ လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီပေါင်း ၂၅၀ဒသမ၄ဘီလီယံ ထုတ်လုပ်နိုင်လျက်ရှိသည်။

ထုတ်လုပ်

၂၀၀၆ခုနှစ်အတွင်း နိုင်ငံ၏ လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီ ၂ဒသမ၈၂ ထရီလီယံ အသုံးပြုလျက်ရှိရာ ၎င်းမြစ်ကျဉ်းသုံးသွယ် စီမံကိန်းမှ ၈ရာခိုင်နှုန်း ထုတ်လုပ်နိုင်သည်။

အသုံးပြု

အဆိုပါ စီမံကိန်း လုပ်ငန်းခွင်၌ လေတွန်းအားစက် ၂၄ခုဖြင့် လည်ပတ်လျက်ရှိရာ တစ်ခုလျှင် ကီလိုဝပ်နာရီ ၁၅ ဒသမ၅သန်း အသုံးပြုနိုင်လျက်ရှိပြီး လာမည့်ကာလ အနည်းငယ်အတွင်း လေတွန်းအားစက်နှစ်ခုကျော် ထပ်မံတိုးချဲ့ရန် မျှော်လင့်ထားရှိကြောင်း မြစ်ကျဉ်းသုံးသွယ် စီမံကိန်းအဖွဲ့က သတင်းထုတ်ပြန်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ်၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တစ်ပတ်အတွင်း နိုင်ငံတကာ ထူးခြားသတင်းအကျဉ်း

(ဩဂုတ် ၁၀ရက်မှ ၁၆ရက်အထိ)

ဩဂုတ် ၁၀- ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဒေသများဖြစ်သော လောချီ၊ ယန်ဘေ၊ ဖူသို၊ ကျောင်နန်၊ ဟာရိုင်၊ တူယန်ကျောင်း၊ ဘတ်ကင်နှင့် လန်ဆန် အရပ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ရုတ်တရက်ရေလွှမ်းခဲ့သဖြင့် သေဆုံးသူ ၁၁၄ဦးရှိကာ နေအိမ် ၃၀၀ ခန့် ပျက်စီးခဲ့ပြီး စိုက်ပျိုးမြေ ၅၁၁၂ ဟက်တာ ပျက်စီးဆုံးရှုံးခဲ့သည်။

ဩဂုတ် ၁၁- ဂျော်ဂျီယာနိုင်ငံတောင်ပိုင်း အော်ဆက်တီးယားပြည်နယ်ရှိ ဂိုရီမြို့ အတွင်းသို့ ရုရှားတိုက်လေယာဉ်များက ဗုံးများကြဲချတိုက်ခိုက်သဖြင့် သေဆုံးဒဏ်ရာရမှုများ ဖြစ်ပေါ်သည်။ ဂျော်ဂျီယာတပ်ဖွဲ့များက ပြန်လည် ပစ်ခတ်တိုက်ခိုက်သဖြင့် ရုရှားတိုက်လေယာဉ် ၁၂စင်းပျက်စီးသွားကြောင်း ဂျော်ဂျီယာစစ်ဘက်က ပြောကြားသည်။

ဩဂုတ် ၁၂- ပါကစ္စတန်နိုင်ငံ လွိုင်ဆွမ်မြို့တွင် တာလီဘန်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် ပါကစ္စတန်အစိုးရတပ်ဖွဲ့ဝင်များ၏ လေးရက်ကြာ ပစ်ခတ် တိုက်ခိုက်မှုအဆုံးသတ်လိုက်သည်။ လေးရက်ကြာတိုက်ပွဲအတွင်း တာလီဘန်လက်နက်ကိုင် ၁၀၀ကျော် သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးခဲ့သည်။

ဩဂုတ် ၁၃- ဖိလစ်ပိုင်သမ္မတအာရိုယိုက ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရုဒ်အား ဖိလစ်ပိုင်နိုင်ငံသို့ အလည်အပတ်လာရောက်ရန် ဖိတ်ကြားလိုက်သည်။ ဩစတြေးလျဝန်ကြီးချုပ်က လာမည့်အောက်တိုဘာ၌ ဖိလစ်ပိုင်သို့ အလည်အပတ်လာရောက်ရန် စီစဉ်ထားကြောင်း သတင်းထုတ်ပြန်လိုက်သည်။

ဩဂုတ် ၁၄- ယီမင်နှင့် ဆိုမာလီယာနိုင်ငံအကြား အေဒင်ပင်လယ်ကွေ့ ရေပြင်အတွင်း၌ ထိုင်းကုန်သင်္ဘောတစ်စင်းပြန်ပေးဆွဲခံရကြောင်း၊ ၎င်းသင်္ဘောပေါ်၌ သင်္ဘောသား၂၈ဦးပါရှိသွားကြောင်း ယီမင်နိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဩဂုတ် ၁၅- အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တာလီဘန်လက်နက်ကိုင်များက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နှစ်ဦးဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံအချို့ ပျက်စီးသွားသည်။

ဩဂုတ် ၁၆- ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ အပြင်ဘက်တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ လူ၅၀သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသည်။ ၎င်းဗုံးမှာ လမ်းဘေးဗုံးဖြစ်ပြီး လူစည်ကားသည့်နေရာ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်း ဘက်တဝီလ်ဒေသ၌ စက်မဲ့လေယာဉ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားခဲ့သည်ကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တောင်အမေရိကမှ အတည်ငြိမ်ဆုံး ချီလီသမ္မတနိုင်ငံ

သတင်းအက်ဆေး

ချီလီသမ္မတနိုင်ငံသည် တောင်အမေရိကတိုက်တောင်ပိုင်း အနောက်ဘက်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် တောင်အမေရိက၏ အတည်ငြိမ်ဆုံးနှင့် အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တောင်အမေရိကတိုက်ကို ဖျက်ဆီးပစ်သည့် အာဏာသိမ်းမှုနှင့် အကြွင်းမဲ့အာဏာရှင်ဆန်သည့် အစိုးရများနှင့်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အတော်အတန် ကင်းဝေးသည်ဟု ဆိုရမည်ဖြစ်သည်။

ထူထောင်

ခြွင်းချက်မှာ ဤနိုင်ငံတွင် ဗိုလ်ချုပ်ကြီး ဩဂတ်စတိုပီနိုရှေး၏ ၁၇နှစ်ကြာ အုပ်ချုပ်မှုဖြစ်သည်။ သူသည် ၂၀ရာစု လက်တင်အမေရိကမှ သွေးထွက်သံယိုမှု အများဆုံးသော ၁၉၇၃ခုနှစ် အာဏာသိမ်းမှု၏ လက်သည်ဖြစ်ရုံမက၊ ပြည်သူ ၃၀၀၀ကျော် သေကျေ ပျောက်ဆုံးစေသည့် အာဏာရှင်နိုင်ငံကို ထူထောင်သူလည်း ဖြစ်သည်။

၁၅၃၅ခုနှစ်တွင် တိုင်းရင်းသား အရော်ကေးနီးယန်းပြည်သူတို့က ချီလီနိုင်ငံကို ပထမဆုံးကျူးကျော်လာသည့် စပိန်တို့ကို အောင်မြင်စွာတွန်းလှန်သည်။ ၁၅၄၁ခုနှစ်တွင် စပိန်လူမျိုး ပက်ဒရိုဒီဗားလ်ဒီဗီးယားက ဦးဆောင်သိမ်းပိုက်ပြီး စန်တီယာဂိုမြို့ကိုတည်ထောင်သည်။ ၁၅၅၃ခုနှစ်တွင် တိုင်းရင်းသား အရော်ကေးနီးယန်းတို့က ပြန်လည်သိမ်းပြီး ဗားလ်ဒီဗီးယားအား လုပ်ကြံသတ်ဖြတ်လိုက်သည်။ ၁၈၁၀ပြည့်နှစ်တွင် ပြင်သစ်ဧကရာဇ် နပိုလီယန်က စပိန်ဘုရင်ကို နန်းချအပြီးတွင် စန်တီယာဂိုမြို့မှ စစ်အစိုးရက ချီလီကိုယ်ပိုင်အုပ်ချုပ်ရေး ကြေညာသည်။ ၁၈၁၄ခုနှစ်တွင် ချီလီကို စပိန်က ပြန်သိမ်းခဲ့သည်။

လွှဲချ

၁၈၁၈ခုနှစ်တွင် ချီလီနိုင်ငံ လွတ်လပ်ရေးရသည်။ ခေါင်းဆောင်မှာ အိုဟစ်ဂင်ဖြစ်သည်။ ၁၈၂၃-၃၀ပြည့်နှစ်တွင် အိုဟစ်ဂင် ရာထူးစွန့်လိုက်ရသည်။ လစ်ဘရယ်နှင့် ကွန်ဆာဗေးတစ်တို့၏ ပြည်တွင်းစစ်၌ ကွန်ဆာဗေးတစ်တို့က အနိုင်ရသွားသည်။ ၁၈၅၁-၆၁ခုနှစ်တွင် သမ္မတမင်နူရယ်မွန့်က ဖွဲ့စည်းပုံဥပဒေပြင်ဆင်ပြီး မြေရှင်များနှင့် ဘာသာရေးဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်တို့၏ အထူးအခွင့်အရေးများကို လျှော့ချလိုက်သည်။

၁၈၇၉-၈၄ခုနှစ်တွင် ပစိဖိတ်စစ်ပွဲအတွင်း ပီရူးနှင့်ဘိုလစ်ဗီးယားတို့ကို အောင်နိုင်ပြီးနောက် ချီလီနိုင်ငံ၏ ပိုင်နက်နယ်မြေမှာ သုံးပုံတစ်ပုံတိုးလာသည်။ ၁၉ရာစုနှောင်းပိုင်းတွင် နိုက်ထရိတ်နှင့် ကြေးနီအကြီးအကျယ် စတင်တူးဖော်သည်။

၁၉၂၅ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က သမ္မတအာဏာပိုပေးပြီး နိုင်ငံတော်နှင့် ခရစ်ယာန်အသင်းတော်ကို ခွဲခြားစည်းတားပေးလိုက်သည်။ ၁၉၂၇ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ကာလို့စ်ဒဲလ်ကမ်ပို အာဏာသိမ်းကာ အကြွင်းမဲ့အာဏာရှင်စနစ်ထူထောင်သည်။

၁၉၃၈-၄၆ခုနှစ်တွင် ကွန်မြူနစ်များ၊ ဆိုရှယ်လစ်များနှင့် အစွန်းရောက်များက ပြည်သူ့တပ်ဦး ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းပြီး စီးပွားရေးမူဝါဒများ ချမှတ်သည်။ ၁၉၄၈-၅၈ခုနှစ်တွင် ကွန်မြူနစ်ပါတီမှာ ပိတ်ပင်ခံရသည်။ ၁၉၅၂ခုနှစ်တွင် တရားဥပဒေစိုးမိုးစေရပါမည်ဟူသောကတိဖြင့် ဗိုလ်ချုပ်ကြီး ကာလို့စ်ဒဲလ်ကမ်ပိုကို သမ္မတအဖြစ် တင်မြှောက်သည်။ ၁၉၆၄ ခုနှစ်တွင် ခရစ်ယာန်ဒီမိုကရက် တစ်ဦးဖြစ်သူ အက်ဒွါဒိုဖရဲန် တာလ်ဗာကို သမ္မတအဖြစ် ရွေးချယ်သည်။ လူမှုရေးပြုပြင်မှုများ ပြုလုပ်သည်။ သို့သော် ငွေကြေးဖောင်းပွမှုကို မတားဆီးနိုင်ချေ။

အာဏာသိမ်း

၁၉၇၀ပြည့်နှစ်တွင် ဆာဗာဒိုအယ်လင်ဒေးမှာ ကမ္ဘာပေါ်၌ ပထမဆုံး ဒီမိုကရေစီနည်းအရ ရွေးချယ်တင်မြှောက်ခံရသည့် မာ့က်စ်ဝါဒီ သမ္မတဖြစ်လာခဲ့သည်။ ပြည်သူပိုင်သိမ်းဆည်းရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုလုပ်ရန် စီမံကိန်းချ ဆောင်ရွက်ရန် ရည်မှန်းချက်ရှိသည်။ ၁၉၇၃ခုနှစ်တွင် အမေရိကန်စီအိုင်အေ အကူအညီဖြင့် ဗိုလ်ချုပ်ကြီး ဩဂတ်စတိုပီနိုရှေးက သမ္မတ အယ်လင်ဒေးအား အာဏာသိမ်းပြီး အာဏာရှင် အုပ်ချုပ်ရေး ထူထောင်လိုက်သည်။

ကွယ်လွန်

၁၉၈၈ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ပီနိုချေးသမ္မတအဖြစ် ရှိနေသင့်၊ မသင့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရာ ပီနိုချေး အရေးနိမ့်သွားသည်။ ၁၉၈၉-၉၀ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ခရစ်ယာန်ဒီမိုကရက်တစ်ဦးဖြစ်သူ ပက်ထရီရှိုအေလ်ဝင် အနိုင်ရသည်။ ၁၉၉၀ပြည့်နှစ်တွင် နိုင်ငံအကြီးအကဲရာထူးကို စွန့်သော်လည်း ဗိုလ်ချုပ်ကြီး ပီနိုချေးမှာ စစ်ဦးစီးချုပ်အဖြစ် ဆက်လက်တာဝန်ယူသေးသည်။ ၁၉၉၄-၉၅ခုနှစ်တွင် စစ်ဘက်ဩဇာအာဏာများကို လျှော့ချလိုက်ပြီး ၁၉၉၈ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ပီနိုချေးစစ်တပ်မှ အနားယူလိုက်သည်။ ရာသက်ပန် အထက်လွှတ်တော်အမတ်အဖြစ် သတ်မှတ်ခံရသည်။ သို့သော် လူသတ်မှုနှင့်ပတ်သက်၍ စပိန်က မေတ္တာရပ်ခံသဖြင့် ဗြိတိန်၌ အဖမ်းခံရသည်။ သို့သော် ကျန်းမာရေးအခြေအနေအရ သူ့ကိုလွှဲအပ်မပေး။ ထို့နောက် ချီလီသို့ ပြန်လာသည်။ ၂၀၀၂ခုနှစ် ဇူလိုင်လတွင် ရာသက်ပန် အထက်လွှတ်တော်အမတ်ရာထူးမှ ဗိုလ်ချုပ်ကြီး ပီနိုချေးထွက်လိုက်ပြီး ၂၀၀၆ခုနှစ် ဒီဇင်ဘာတွင် ကွယ်လွန်ခဲ့သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီ ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲတွင် မီးစ်မစ်ချယ်ဘာချက်လက် အရွေးချယ်ခံရပြီး ချီလီနိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီတွင် အိမ်နီးချင်း ချီလီနိုင်ငံနှင့် ရေကြောင်းသွားလာရေး ပိုင်နက်အငြင်းပွားမှုကို ပီရူးနိုင်ငံက အိုင်စီဂျေသို့ တင်သည်။

ဤနိုင်ငံသည် လက်တင်အမေရိကတွင် ၁၉၉၀ပြည့်လွန်နှစ်များက စီးပွားရေး အမြန်ဆုံး တိုးတက်သည့် နိုင်ငံဖြစ်သည်။

ပျမ်းမျှအကျယ် ၁၇၅ကီလိုမီတာရှိပြီး အလျား ကီလိုမီတာ ၄၃၀၀ရှိသည့် ချီလီနိုင်ငံ၏ ထူးခြားသော ပုံစံအနေအထားအရ ရာသီဥတုစုံလင်သည့်နိုင်ငံဖြစ်သည်။ မြောက်ပိုင်းတွင် ကမ္ဘာ့အခြောက်သွေ့ဆုံး အတာကာမာသဲကန္တာရ၊ အလယ်ပိုင်းတွင် မြေထဲပင်လယ် ရာသီဥတုရှိပြီး၊ ရေခဲမြစ်များ၊ တောင်ချောက်ကမ်းပါးများအကြား ပင်လယ်ရေဝင် လမ်းများနှင့် ရေကန်များပါရှိသည့် တောင်ပိုင်းမှ နှင်းဖုံးတောင် ရာသီဥတုတို့က ဤနိုင်ငံကို ရာသီစုံ ဂုဏ်ပုဒ်ကို ရရှိစေပါသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ဘဝအမောပြေ

သတိပေးစနစ်

မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုမှ ထုတ်လုပ်သည့်ကားများ၌ အန္တရာယ် ကြိုတင်သတိပေးစနစ် တပ်ဆင်ထားသော်လည်း မတော်တဆ ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်နေသဖြင့် နည်းစနစ်ပိုင်းဆိုင်ရာ ပညာရှင်အား ကုမ္ပဏီပိုင်ရှင်က ခေါ်ယူမေးမြန်းလေသည်။

ပိုင်ရှင် ။ ။ ယာဉ်တိုက်မှု သိပ်များနေတယ်…

ပညာရှင် ။ ။ ဟုတ်ကဲ့။

ပိုင်ရှင် ။ ။ နည်းစနစ်ပိုင်းတွေ သေသေချာချာ ဆောင်ရွက်ပေးထားတယ် မဟုတ်လား။

ပညာရှင် ။ ။ ပေးထားပါတယ်။

ပိုင်ရှင် ။ ။ အန္တရာယ်မဖြစ်ခင် ၁၅မိနစ်ကြိုတင်ပြီး သတိပေးတဲ့စနစ် မဟုတ်လား။

ပညာရှင် ။ ။ ဟုတ်ပါတယ်… ဒါပေမယ့်… ကျွန်တော့်တပည့်တွေက တပ်ဆင်တာ မှားယွင်းသွားလို့ ယာဉ်မတော်တဆဖြစ်ပြီး ၁၅ မိနစ်ကြာမှ သတိပေးချက် ထွက်ခဲ့လို့ပါ။

ပိုင်ရှင် ။ ။ ''ဟေ''

တောင်အာဖရိကနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး အစည်းအဝေးကျင်းပ

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၁၇

တောင်အာဖရိကနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ(အက်စ်အေဒီစီ)မှ ဩဂုတ် ၁၆ရက်မှစ၍ နှစ်ရက်ကြာ အစည်းအဝေးကို လူဆာကာမြို့၌ ကျင်းပရာ တောင်အာဖရိကနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးတို့ တက်ရောက်ကြသည်။

သုံးသပ်ဆွေးနွေး

အဆိုပါ အစည်းအဝေး၌ တောင်အာဖရိကနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ဇမ်ဘီယာနှင့် မာလာဝီနှစ်နိုင်ငံတို့သည် အချိန်တိုကာလအတွင်း စိုက်ပျိုးရေး ထွက်ကုန်ကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ၎င်းအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း လွတ်လပ်စွာ ကုန်သွယ်မှုဒေသဖွံ့ဖြိုးမှု မြှင့်တင်ရေး၊ နိုင်ငံရေးရာ အခြေအနေတို့ကို သုံးသပ်ဆွေးနွေးသည်။

တောင်အာဖရိကနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ(အက်စ်အေဒီစီ)အဖွဲ့တွင် အင်ဂိုလာ၊ ဘော့ဆွာနာ၊ ကွန်ဂို၊ လီဆိုသို၊ မာဒါဂါစကာ၊ မာလာဝီ၊ မောရစ်ရှပ်၊ မိုဇမ်ဘစ်၊ နမီးဘီးယား၊ ဆွစ်ဇာလန်၊ တန်ဇန်းနီးယား၊ ဇမ်ဘီယာနှင့် ဇင်ဘာဘွေနိုင်ငံတို့ ပါဝင်သည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မျက်စိအမြင်လွှာ ချို့ယွင်းလျှင် ရုတ်တရက် နှလုံးရောဂါ ဖြစ်ပွားနိုင်

အင်တာနက်ကျန်းမာရေး



မျက်စိအမြင်လွှာ ချို့ယွင်းသူများသည် ရုတ်တရက် နှလုံးရောဂါဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးလိုက်သည်။

ပျက်စီး

ခန္ဓာကိုယ်အတွင်း သွေးလည်ပတ် စီးဆင်းမှုစနစ် ထိခိုက်သည့်အခါ မျက်စိအမြင်လွှာချို့ယွင်းမှု ဖြစ်ပွားပြီး အူလမ်းကြောင်းနှင့် သွေးကြောများအတွင်း သွေးကလာပ်စည်းပျက်စီးမှု များလာသည့်အခါ မျက်စိအမြင်လွှာကို ထိခိုက်ပျက်စီးစေကြောင်း သိရသည်။

သတိပေး

ထိုသို့ မျက်စိအမြင်လွှာ ထိခိုက်မှုဖြစ်ပေါ်သည့်အခါ ရုတ်တရက်နှလုံးရောဂါဖြစ်ပွားနိုင်ပြီး အသက်ဆုံးရှုံးမှုလည်းဖြစ်ပေါ်နိုင်သည်ကို သတိပေးမှုတစ်ရပ်အဖြစ် သတ်မှတ်ထားသင့်ကြောင်း ၎င်းတို့က သတိပေးထားသည်။

ထို့ကြောင့် မျက်စိအမြင် ရုတ်တရက်မှုန်သွားပါက အထူးသတိထားသင့်ပြီး နှလုံးရောဂါဖြစ်ပွားမှု ရာခိုင်နှုန်းများလာခြင်းအား သတိမူသင့်ကြောင်းအကြံပြုထားသည်။

သူတို့အတွေးနှင့်အမြင်

* *Advertising is the life of trade.*

ကြော်ငြာလုပ်ငန်းသည် ကုန်သွယ်ခြင်း၏ အသက်ပင်ဖြစ်သည်။

ကဲလ်ဗင်ဟိုလိဂျ်
(အယောက် ၃၀မြောက် အမေရိကန်သမ္မတ)

* *Great deeds are reserved for great men.*

ကြီးမားသော လုပ်ဆောင်မှုများသည် လူတော်များအတွက် လျာထားပြီးသားဖြစ်သည်။

ဆာဗန်တီးစ်
(စပိန်လူမျိုးစာရေးဆရာ)



"ဒီလိုရှားပါးစာအုပ်တွေကို တစ်နေရာတည်းမှာ အလွယ်တကူ လေ့လာနိုင်အောင်လို့ပါ"

ကိုလှမင်းအောင်(အမြင်သစ်စာအုပ်တိုက်)

● ကျောဖုံးမှ

လည်းပါဝင်ပါတယ်"ဟု ကိုလှမင်းအောင်(အမြင်သစ်စာအုပ်တိုက်)က ရှင်းပြသည်။

စုံစုံလင်လင်

ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စာအုပ်အမျိုးအစားများတွင် မြန်မာမှု မြန်မာစာနှင့်မြန်မာ့အနုစာပေများ၊ ဘာသာစကားစာအုပ်များ၊ သမိုင်း၊ နိုင်ငံရေး၊ စစ်ရေး၊ စိတ်ပညာ၊ ဒဿနိကဗေဒ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသန စာအုပ်များ၊ အတတ်ပညာဆိုင်ရာ စာအုပ်များနှင့် အနုပညာဆိုင်ရာစာအုပ်များကို စုံစုံလင်လင် ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

"ဒီစာအုပ်ပြပွဲမှာ ၁၈၀၀ ပြည့်နှစ်ကျော်နဲ့ ၁၉၀၀ပြည့်နှစ်ဝန်းကျင် ကာလများက ထုတ်ဝေခဲ့တဲ့စာအုပ်တွေ အများကြီးပါဝင်တဲ့အပြင် ၁၈၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့တဲ့ အဖိုးတန်စာအုပ်တွေကို ခင်းကျင်းပြသထားပါတယ်။ ပြသထားတဲ့ စာအုပ်စုစုပေါင်း တစ်သိန်းခွဲခန့်ရှိပါတယ်"ဟု ကိုလှမင်းအောင်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

စုဆောင်း

ယခုစာအုပ်ပြပွဲ၌ ခင်းကျင်းပြသထားသောစာအုပ်များမှာ အမြင်သစ်စာပေက နှစ်ပေါင်း ၃၀ ကြာမျှ အပတ်တကုတ်စုဆောင်းထားခဲ့သော စာအုပ်များဖြစ်သည်။ စာအုပ်များကို လိုက်လံလေ့လာရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က စာအုပ်များ၊ ရှားပါးလက်ရေးမူများ ပြသထားသည်ကို တွေ့ရသည်။

ရှေးဦးမြန်မာဖတ်စာ စာအုပ်များဖြစ်သည့် ဒေါင်းဖတ်စာ၊ ခြင်္သေ့ဖတ်စာ စာအုပ်များ၊ ရုပ်ပုံများနှင့်တကွ ဖော်ပြထားသည့် ကျေးငှက်၊ တိရစ္ဆာန်၊ အင်းဆက်ပိုးများနှင့် ပင်လယ်ရေအောက်နေ သတ္တဝါများဆိုင်ရာ စာအုပ်များကို စိတ်ပါဝင်စားစွာ တွေ့ရှိရသည်။ တချို့ ရေနေသတ္တဝါများမှာ မိမိတို့တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသော သတ္တဝါများဖြစ်ရာ အထူးအဆန်းဖြစ်ရသည်။

စိတ်ဝင်စားဖွယ်

ထို့အပြင် နိုင်ငံတကာသမိုင်းမှတ်တမ်းနှင့် စာချုပ်စာတမ်းများ စာအုပ်၊ ၁၉၃၅ ခုနှစ်က ထုတ်ဝေခဲ့သော ဦးလတ်၏ စပယ်ပင် ဝတ္ထု၊ ဆလုံရိုးရာ၊ ဆလုံစရိုက် စာအုပ်များ၊ ၁၃၂၀ ပြည့်နှစ်က ထုတ်ဝေခဲ့သော ကျော်အောင်စံထားဆရာတော်ပြုစုသည့် ဝေါဟာရတ္ထပကာသနီ စာအုပ်၊ ပါဠိဆရာကြီးဦးဖေ၏ ၁၉၂၂ ခုနှစ်က ထုတ်ဝေခဲ့သည့် သတ်ပုံ ဥပဒေစာအုပ်များက မြန်မာစကားလုံးများ၏ အသုံးအနှုန်းအမှန်ကို စိတ်ဝင်စားဖွယ် မြင်တွေ့ရသည်။

တစ်ဖန် နိုင်ငံတကာအတ္ထုပ္ပတ္တိနှင့် သမိုင်းဆိုင်ရာစာအုပ်မှာလည်း ကမ္ဘာ့သမိုင်းရေးရာများနှင့်ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ သိရှိရသည်အထိ ဗဟုသုတရရှိစေမည့် စာအုပ်ဖြစ်သည်။ ထို့အပြင် ပြည်ထောင်စု အကပဒေသာ စာအုပ်၊ ကမ္ဘာ့တွေးခေါ် ပညာရှင်ကြီးများစာအုပ်များကား အသိပညာကို တိုးပွားစေသည့် စာအုပ်များပင် ဖြစ်သည်။

အသွင်အပြင်

စာအုပ်ပြပွဲ၌ ၁၉၄၆ ခုနှစ်က ထုတ်ဝေခဲ့သော တိုးတက်ရေးဂျာနယ်၊ လင်းယုန်ဂျာနယ်၊ သတင်းစုံဂျာနယ်၊ လူထုဂျာနယ်များကိုလည်း တွေ့ရသည်။ ထို့အပြင် ၁၉၇၂ ခုနှစ်က ထုတ်ဝေခဲ့သော ပြည်သူ့ကြယ်ဂျာနယ်နှင့် ပြည်ထောင်စုနေ့စဉ်ဂျာနယ်များကိုလည်း အသွင်အပြင်တစ်မျိုးဖြင့် တွေ့မြင်ရသည်။



မြန်မာ့သမိုင်းအချက်အလက်များကိုသိရှိစေနိုင်သည့်ဒေါက်တာသန်းထွန်း၏ 'နယ်လှဲ့ရာဇဝင်' စာအုပ်။

သတင်းကောင်း

ပြခန်းအတွင်း ခင်းကျင်းပြသထားသော စာအုပ်အားလုံးမှာ အသိအမြင် ဗဟုသုတ ကျယ်ပြန့်စွာပေးနိုင်စွမ်းရှိသည့် ရှားပါးစာအုပ်များဖြစ်သဖြင့် စာပေဝါသနာရှင်များအတွက် စာပေသတင်းကောင်းအဖြစ် ဖြန့်ဝေပေးလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ကျေးငှက်သာရကာ၊ တိရစ္ဆာန်မျိုးစိတ်နှင့် ပင်လယ်ရေအောက်သတ္တဝါများအကြောင်း လေ့လာနိုင်သည့် စာအုပ်များကို ဤသို့တွေ့ရသည်။

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန် ဟူစတန်မြို့၌ လေဆင်နှာမောင်းမွှေနောက် နေအိမ်အချို့ပျက်စီး၊ ဓာတ်တိုင်များပြိုလဲ

ဟူစတန် ဩဂုတ် ၁၇

အမေရိကန်နိုင်ငံ ဟူစတန်မြို့တွင် ဩဂုတ် ၁၇ ရက်က လေဆင်နှာမောင်းမွှေနှောက်မှုကြောင့် နေအိမ်အချို့ပျက်စီးပြီး လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲပြီး မော်တော်ယာဉ်အချို့ ပျက်စီးခဲ့ကြောင်း၊ ဓာတ်တိုင်များပြိုလဲကာ ဓာတ်အား ပြတ်တောက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြောက်အိုင်ယာလန်၌ ရေလွှမ်းမည့် သတိပေးချက် ထုတ်ပြန်

ဒဗ္ဗလင် ဩဂုတ် ၁၇

မြောက်အိုင်ယာလန်နိုင်ငံ အရှေ့ပိုင်းဒေသများတွင် လာမည့်ရက် အနည်းငယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်နိုင်ကြောင်းမြောက်အိုင်ယာလန်နိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက သတိပေးချက်ထုတ်ပြန်လိုက်သည်။

မြောက်အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်နှင့် ဘီလ်ဖတ်မြို့တို့တွင် ရေအမြင့် ၁၅ပေအထိမြင့်တက်နိုင်ကြောင်း၊ မြစ်ရေများလျှံတက်မှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်နိုင်ကြောင်း အဆိုပါ သတိပေးချက်၌ ဖော်ပြထားသည်။

နီပေါအနောက်ပိုင်း၌ မြေပြို ခြောက်ဦးသေဆုံး နေအိမ်အချို့ပျက်စီး

ခတ္တမန္ဒူ ဩဂုတ် ၁၇

နီပေါနိုင်ငံ အနောက်ပိုင်းဒေသတွင် ဩဂုတ် ၁၇ ရက်က မြေပြိုမှုဖြစ်ပွားရာ ခြောက်ဦး သေဆုံးပြီး နေအိမ်အချို့ ပျက်စီးသွားကြောင်း နီပေါအရာရှိများက ပြောကြားသည်။

ဖြစ်ပွားမှုမှာ ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၄၀၀ခန့်အကွာ ကာလီကွတ်ခရိုင် ဘီဟာတာကျေးရွာ၌ မြေပြိုခြင်းဖြစ်ပြီး မကြာမီရက်များက မိုးသည်းထန်စွာဆက်တိုက် ရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ကျူးဘားအရှေ့တောင်ပိုင်း၌ ရေလွှမ်း၊ နေအိမ်များရေနစ်မြုပ်

ဘလွန်ဘတ် ဩဂုတ် ၁၇

ကျူးဘားနိုင်ငံအရှေ့တောင်ပိုင်းတွင် ဩဂုတ်၁၇ရက်က မုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ကြောင်း ကျူးဘားအရာရှိများက ပြောကြားသည်။

ရေလွှမ်းမှုဖြစ်ပွားသည့်နေရာမှာ ကာမာဂွီပြည်နယ်၌ဖြစ်ပြီး နေအိမ်များ ရေနစ်မြုပ်ကာ မော်တော်ကားလမ်းများ ရေလွှမ်းခဲ့သဖြင့် ဆက်သွယ်ရေးပြတ်တောက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

သက်ရှိ လောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အင်္ဂလန်အလယ်ပိုင်း ဝေဟင်၌ လေယာဉ်နှစ်စင်းတိုက်မိ၊ ငါးဦးသေဆုံး

ကော့အင်ထရီ ဩဂုတ် ၁၇

အင်္ဂလန်နိုင်ငံ အလယ်ပိုင်း ကော့အင်ထရီမြို့အနီးတွင် ဩဂုတ် ၁၇ရက် နံနက် ၁၁နာရီ ၄၂မိနစ်ခန့်က လေယာဉ်ငယ်နှစ်စင်း ဝေဟင်တွင် တိုက်မိခဲ့ရာ **(အောက်ပုံ)** ငါးဦးသေဆုံးသွားကြောင်း အင်္ဂလန်လေကြောင်း အရာရှိများက ပြောကြားသည်။

သေဆုံး

ဖြစ်ပွားမှုမှာ ကော့အင်ထရီလေဆိပ်မှ ငါးမိုင်ခန့်အကွာတွင် မတော်တဆ တိုက်မိခဲ့ခြင်းဖြစ်ပြီး လေယာဉ်ငယ်တစ်စင်းမှာ ပျက်ကျသွားခဲ့ခြင်းဖြစ်ရာ ၄င်းလေယာဉ်မှ လေယာဉ်မှူးအပါအဝင် လေးဦးသေဆုံးခဲ့သည်။ အခြားလေယာဉ်ငယ်မှာမူ ဘရန်ဒွန်ဝုဒ်စ်မြို့အနီး အရေးပေါ် ဆင်းသက်ခဲ့ရသဖြင့် တစ်ဦးသေဆုံးခဲ့သည်။

ထိုသို့လေယာဉ်ငယ်နှစ်စင်း ဝေဟင်၌ မတော်တဆတိုက်မှု ဖြစ်ပွားခဲ့သဖြင့် ကော့အင်ထရီလေဆိပ်တွင် လေယာဉ်အဆင်းအတက်များ ခေတ္တပိတ်ထားခဲ့သည်။ ထို့အတူ လေယာဉ်နှစ်စင်းတိုက်မိပြီး ပျက်ကျရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စုံစမ်း

အဆိုပါ လေယာဉ်ငယ်နှစ်စင်း မည်သည့်အတွက်ကြောင့် တိုက်မိခဲ့ကြသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၈-၈-၂၀၀၈ ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၀၀ ၆။ **မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)
၈း၁၅ ၇။ အကပဒေသာ
၈း၃၀ ၈။ International News
၈း၄၅ ၉။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၀၀ ၇။ အကပြိုင်ပွဲ
၅း၁၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၉။ **ရေမြင့်--ကြာတင့်** ခန့်စည်သူ၊ ရော်ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ထင်ပေါ်၊ ဝွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၀ ၁၄။ ရွှေမျက်ပါး(ခေါ်)ရွှေဆိုင်းလုပ်ငန်း
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၁)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၁)
၂၀။ အစီအစဉ်ပြီး၏။

ရောဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်များအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက တည်ခင်းသည့်ဂုဏ်ပြုညစာစားပွဲကို ဩဂုတ် ၁၅ရက် ညဂနာရီက ရန်ကုန်မြို့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူးဦးဌေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်း ရေးမှူး(လူငယ်ရေးရာတာဝန်ခံ)ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့် ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းများမှ အသင်းဝင်လူငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး**(အပေါ်ပုံ)**နှင့် ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်း တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်လူငယ်များကိုယ်စား ကရင် ပြည်နယ် ကော့ကရိတ်ခရိုင် အသင်းအလုပ်အမှုဆောင် ဦးမန်းညိမ်းအောင်က ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ပြီး တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။

ပါဝင်ကူညီ

အဆိုပါ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည် အဖွဲ့၁၂ဖွဲ့ခွဲပြီး ဧရာဝတီတိုင်း လပွတ္တာမြို့နယ်၊ ငပုတောမြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင်အခြေပြု၍ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

သန်လျင်ခဲမဖြူသတ္တုစင်စက်ရုံ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေလိုက်ပါလျက် ဩဂုတ် ၁၅ရက် နံနက်ပိုင်းက သန်လျင် ခဲမဖြူသတ္တုစင် စက်ရုံသို့ရောက်ရှိပြီး စက်ရုံ ရှင်းလင်း ဆောင်၌ စက်ရုံမှူးက ခဲမဖြူသတ္တုစင် ထုတ်လုပ်ထားရှိမှု အခြေအနေနှင့် ဘဏ္ဍာရေး နှစ်အတွင်း သတ်မှတ်လျာထားချက် ပြည့်မီအောင် ထုတ်လုပ်သွားမည့် လုပ်ငန်းဇယားများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်စွက်မှာကြား သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်း ခဲမဖြူသတ္တုစင် ထုတ်လုပ်နေမှုများ၊ မုန်တိုင်း ဒဏ်ကြောင့်ပျက်စီးခဲ့သည့် စက်ရုံအဆောက်အအုံအမိုး ပြန်လည်ပြုပြင်ပြီးစီးမှုများ၊ ဝန်ထမ်းများ စိုက်ပျိုးထားရှိသော စားပင်သီးပင်များ၊ နေအိမ်များပြုပြင်ပြီးစီးမှုနှင့် မိသားစု အလိုက် စားပင်သီးပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် သာကေတ ဆားကြိတ်စက်ရုံသို့ရောက်ရှိ၍ အဆောက် အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ဆားကြိတ်စက်ရုံတို့ကိုလည်းကောင်း၊ ခတ်ဆားမှုန့် ထုတ်စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဒေါ့ဖုန်းယန်မြို့ အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဒေါ့ဖုန်းယန်မြို့ရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (ဆက်သွယ်ရေး)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဖဟန်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၁)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၁၀နာရီက ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဦးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အဆိုပါသင်တန်းမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းမော်ကွန်ပျူတာတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အားပေး

မိုးမောက်နှင့် ဒေါ့ပုန်းယန်မြို့တွင် မြို့မိမြို့ဖများနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ်၁၀ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့ ကွန်ပျူတာ တက္ကသိုလ်၌ကျင်းပသည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက် အားပေးသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူးက လူမှု ရေး အသင်းအဖွဲ့ဝင်များအား စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို စတင် စိုက်ပျိုးပေးကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင် များက သစ်ပင်များကို စိုက်ပျိုးကြပြီး ဗဟိုအတွင်းရေးမှူးသည် သစ်ပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ စိုက်ပျိုးသည့် အပင်များမှာ ခရေ၊ တမာ၊ ပိတောက်၊ ပျဉ်းကတိုးနှင့် ယမနေပင်တို့ ဖြစ်ပြီး အပင်စုစုပေါင်း ၁၀၀၀ကို စိုက်ပျိုး ပေးကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် မိုးမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မိုးမောက် မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက် ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မိုးမောက် မြို့ အော်တိုအိတ်ချိန်းတည်ဆောက်ရေး စီမံကိန်းအတွက် ဝန်ထမ်းများ၊ မြို့တွင်း ကေဘယ်လ် သွယ်တန်းဆောင်ရွက်နေမှုများ ကို ကြည့်ရှု၍ မိုးမောက်မြို့ အိတ်ချိန်းရုံးတွင် အသစ်တပ်ဆင်လျက်ရှိသည့် အော်တို အိတ်ချိန်း စက်ပစ္စည်းများကို ကြည့်ရှု စစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မြို့သစ်မြို့ မဟာသဒ္ဓမ္မဇောတိကာရုံကျောင်း တိုက်သို့ရောက်ရှိကာ ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓမာအား ဖူးမြော်၍ လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး ဒေါ့ဖုန်းယန်မြို့ အောင်မင်္ဂလာ မြို့ဦးကျောင်းတိုက် ဆရာ တော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေါ့ဖုန်းယန် မြို့ရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှု ရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး သည် နန်ဆန်ယန်ကျေးရွာ ထေရဝါဒဗုဒ္ဓ သာသနာပြုကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာတော်အားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး သည် နန်ဆန်ယန်နှစ်ခြင်း ခရစ်ယာန်အသင်း တော်တွင် အသင်းတော်လေးခုမှ သင်းအုပ် ဆရာများ၊ ကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များ အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးပြီး အသင်းတော်လေးခုအတွက် ဆန်၊ ဆီများ ပေးအပ်လှူဒါန်းကာ ကျေးရွာပညာ ရေးတွင် အသုံးပြုရန်အတွက် စာအုပ်များ ကို ထောက်ပံ့ပေးအပ်သည်။ ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် ရွှေညောင်ပင် ကျေးရွာကျောင်းတိုက် ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဖွံ့ဖြိုးရေး

ထို့နောက် ရွှေညောင်ပင်ကျေးရွာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သရက်သုံးပင်ကျေးရွာ ယာယီစာသင်ကျောင်း

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင် ကျေးရွာ ယာယီ စာသင် ကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ရွှေဖုံးမှ*

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ကျေးရွာရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက သရက်သုံးပင်ကျေးရွာ၏ မြေအကျယ်အဝန်း၊ လေဘေးသင့်၍ အိုးအိမ်မဲ့ဖြစ်သွားသော ပြည်သူများအတွက် နေအိမ်များ ဆောက်လုပ်ပြီးစီးမှုနှင့် နေရာချထားပေးမှု၊ ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု၊ စားသုံးပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များ ရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု၊ လယ်ယာလုပ်ငန်းတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ကွမ်းခြံကုန်း-ဒေးဒရဲကားလမ်းမသို့ ဆက်သွယ်မည့် အရှည်ပေ ၃၃၅၀ရှိ ကျေးလက်ဖွံ့ဖြိုးရေးလမ်းဖောက်လုပ်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဦးဆောင်စည်းရုံး

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ အထွက်ကောင်းစပါးများ ပြောင်းလဲစိုက်ပျိုးရေး၊ နိုင်ငံတော်မှ အခြေခံကောင်းများ ထူထောင်ပေးထားပြီးဖြစ်၍ အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ရန်၊ ပင်ပင်ပန်းပန်းရှာဖွေရရှိလာသည့် ဝင်ငွေကို စုဆောင်းကြရန်၊ အလွယ်တကူ သုံးဖြုန်းမပစ်ရန် ကျေးရွာ အုပ်ချုပ်ရေးအကြီးအကဲမှ ဦးဆောင်စည်းရုံး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက သရက်သုံးပင်ကျေးရွာ ပြည်သူများအတွက် နို့မှုန့်ဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်၆၅၀ တို့ကို လည်းကောင်း ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းထံ ပေးအပ်သည်။

အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သရက်သုံးပင်ကျေးရွာ၌ တည်ဆောက်ပြီးစီးသွားသည့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ကျေးလက်ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ယာယီစာသင်ကျောင်းအတွင်း ကျောင်းသား ကျောင်းသူများအား စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းများက ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းသား ကျောင်းသူများအား စာပေပညာသင်ကြားပေးရုံမက လိမ္မာယဉ်ကျေးသော၊ စည်းကမ်းရှိသော လူငယ်များဖြစ်အောင် ဆုံးမပဲ့ပြင်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

အလေ့အကျင့်

ယင်းနောက် ကျေးရွာစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး၍ ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတ ပြည့်စုံကြွယ်ဝစေရေးအတွက် စာဖတ်သည့် အလေ့အကျင့်ကောင်းများရှိရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေအိမ်ဝင်းများအတွင်း စိုက်ပျိုးထားသည့် တစ်ပိုင်တစ်နိုင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိမိတို့၏ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် အလုပ်ကို ဝီရိယထားပြီး ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာစိုက်ပျိုးရေးအတွက် မလေးရှားနိုင်ငံအခြေစိုက် Rimbunan Petrogas ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံအခြေစိုက် UNOG ကုမ္ပဏီတို့မှ လှူဒါန်းထားသည့် လက်တွန်းထွန်စက်များနှင့် နွံများ၊ ရွှံ့များသည့် လယ်မြေများတွင် ထွန်ယက်နိုင်သည့် ရေဘဝဲလက်တွန်းထွန်စက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဖျာပုံမြို့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၄၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဖျာပုံမြို့သို့ ရောက်ရှိကြရာ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး ကြီးကြပ်ကွပ်ကဲနေသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး ကြီးကြပ်ကွပ်ကဲနေသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာ စိုက်ပျိုးရေးအတွက် မလေးရှားနိုင်ငံအခြေစိုက် Rimbunan Petrogas ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ အခြေစိုက် UNOG ကုမ္ပဏီတို့မှ လှူဒါန်းထားသည့် လက်တွန်းထွန်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်စွက်တင်ပြ

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အရှည် ၁၅မိုင် ၆ဖာလုံရှိ ဒေးဒရဲ-ဖျာပုံ လမ်းပိုင်းအခြေအနေနှင့် မော်တော်ယာဉ်များ သွားလာနိုင်မှုအခြေအနေကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံ-ဘိုကလေးလမ်းပိုင်းနှင့် ဖျာပုံ-ကျိုက်လတ် လမ်းပိုင်းတို့၏အခြေအနေနှင့် ယာဉ်များ သွားလာနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဖျာပုံမြို့နယ်အတွင်း လေဘေးသင့် ကျေးရွာများအတွက် လူနေအိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် နေရာချထားပေးမှု၊ ဖျာပုံမြို့နယ်အတွင်း စာသင်ကျောင်းများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှု၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုနှင့် ဖျာပုံမြို့နှင့် ကျိုက်လတ်မြို့ရှိ ပြည်သူ့ဆေးရုံများ ပြုပြင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးရာသီတွင် မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး လမ်းများကိုပြုပြင်ဆောင်ရွက်ရန်၊ လမ်းများရှိ တံတားများ ကြံ့ခိုင်မှုရှိရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဖျာပုံ-ဘိုကလေးလမ်းပိုင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ခရီးလမ်းရှိ ဖျာပုံ-ဘိုကလေး လမ်းပိုင်းအခြေအနေကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ ၃၅မိနစ်တွင် ဖျာပုံခရိုင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဘိုကလေးမြို့ ကွပ်ကဲရေးရုံး၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး ကြီးကြပ်ကွပ်ကဲနေသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့နယ်အတွင်း ပြန်လည် ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာတို့တွင် ကျေးလက်အိမ်ရာများ ရာခိုင်နှုန်းပြည့်တည်ဆောက်ပြီးစီးမှု၊ အလှူရှင်များက ဒေါင့်ကြီး၊ သဲချောင်းနှင့် ပေချောင်းကျေးရွာတို့၌ အဆောက်အအုံများ ဆောက်လုပ်ရန်လှူဒါန်းမှု၊ ဘိုကလေးမြို့နယ်အတွင်း လေဘေးသင့်ဒေသများအလိုက် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးမှု၊ ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး လျာထားဧက ၂၆၁၀၁၂ ဧကထက်ကျော်လွန်၍ ၂၆၃၂၇၁ဧက စိုက်ပျိုးပြီးစီးမှု၊ မိုးစပါးမျိုးများ ရရှိဖြန့်ဖြူးပေးခဲ့မှု၊ လက်တွန်းထွန်စက်များနှင့် စက်သုံးဆီများ ရရှိ ဖြန့်ဝေသုံးစွဲမှု၊ ငါးဖမ်းပိုက်နှင့် ငါးဖမ်းလှေများ ရရှိဖြန့်ဖြူးမှု၊ ဆန်ထောက်ပံ့ပေးအပ်မှု၊ ဆက်သွယ်ရေးစနစ်၊ ဖျာပုံ-ဘိုကလေးလမ်းပိုင်းအခြေအနေ၊ ဘိုကလေး ဒီရေတောနှင့် လေကာတန်းသစ်ပင်များ စိုက်ပျိုးမည့်အခြေအနေ၊ တာတမံများပြုပြင်ပြီးစီးမှုနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ဆန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန်၊ ကြိမ်ချောင်းကြီးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန်၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူများ ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်ရေး မျိုးစေ့များ လှူဒါန်းဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ရာ စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များကို သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဒေးဒရဲတံတား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖျာပုံခရိုင် ဒေးဒရဲမြို့သို့ရောက်ရှိကြပြီး တိုးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဒေးဒရဲတံတား၏ ကြံ့ခိုင်မှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ကမ်းနားလမ်းရှိ ရှင်းလင်းဆောင်၌ ကျင်းပသည့် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ပြည့်စုံမှုရရှိ

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ဒေးဒရဲမြို့နယ်ရှိ ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် မူလရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်အောင် လိုအပ်သော ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများကို ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်းဖြစ်၍ ယခုဆိုလျှင် ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ပံ့ပိုးဖြည့်ဆည်းပေးမှုမှာ အတော်အသင့် ပြည့်စုံမှုရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ စေတနာရှင်၊ အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင် စီမံဖြည့်ဆည်းပေးထားပြီးဖြစ်၍ မိမိတို့၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို ယခင်ကထက်ပိုမို ကြိုးစားလုပ်ကိုင်သွားကြရန် ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

မိမိတို့ပတ်ဝန်းကျင်တွင် သဘာဝအခြေခံကောင်းများ ရှိပြီးဖြစ်သဖြင့် အလုပ်ကိုကြိုးစားလုပ်ကိုင်လျှင် လုပ်ကိုင်သလောက် အကျိုးဖြစ်ထွန်းမှုရရှိမှာ ဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းမှရရှိသော သင်ခန်းစာများအပေါ်အခြေခံပြီး ယခင်က ဖြစ်သလိုနေ၊ ဖြစ်သလိုစားသောက်ခဲ့သည့် စိတ်ဓာတ်ကို ပယ်ဖျောက်ကာ အလုပ်ကိုကြိုးစားပြီး ရရှိသည့်ဝင်ငွေကို စနစ်တကျစုဆောင်း၍ မိမိတို့၏ လူမှုဘဝ ကောင်းသည်ထက်ကောင်းအောင်၊ မြင့်မားသည်ထက်မြင့်မားအောင် အဆင့်အတန်းမြင့်မြင့်နေထိုင်နိုင်အောင် အလုပ်ကို ကြိုးစားလုပ်လိုသည့်စိတ်ဓာတ်၊ အမူအကျင့်များ ဖြစ်ပေါ်လာအောင် တာဝန်ရှိသူများကလည်း ကျေးရွာအဆင့်အထိ ကွင်းဆင်း၍ စည်းရုံးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီတိုင်းအတွင်း သဘာဝဘေးဒဏ် ခံစားခဲ့ရသည့် ရေလုပ်သားများ မိမိတို့၏ရေလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ ငါးဖမ်းစက်လှေ အစင်း၂၉၀နှင့် ငါးဖမ်းကိရိယာ အရေအတွက် စုစုပေါင်း၂၇၀၀တို့ကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်မှနေ၍ တိုးမြစ်အတွင်း ငါးဖမ်းစက်လှေများ၏ စမ်းသပ်သရုပ်ပြမောင်းနှင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ခင်းကျင်းပြသ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ဝန်းကျင်တွင် ခင်းကျင်းပြသထားသည့် မြင်းကောင်ရေ ၆ဒသမ၅ရှိ ဒီရမ်းအမျိုးအစား ဓာတ်ဆီအင်ဂျင်စက်များ၊ ငါးဖမ်းပိုက်မျိုးစုံ၊ ရင်တွန်းပိုက်၊ အလျား ၂၁ပေ၊ ရေစူး ၁၉လက်မနှင့် ဝမ်းအကျယ် ၃၂လက်မရှိ သစ်သားကိုယ်ထည် ငါးဖမ်းစက်လှေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေးဒရဲတံတားအနီးရှိ ဒေးဒရဲမြို့ လေဘေးသင့်ပြည်သူများအတွက် ဖိုးရာဇာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် လူနေအိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် အိုးအိမ်မဲ့ လေဘေးသင့်မိသားစုများအား နေရာချထားပေးမှု၊ လမ်းများပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၂နာရီ မိနစ်၄၀တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဓာတ်ဆီ အင်ဂျင်စက်များ

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဒေးဒရဲမြို့ ကမ်းနားလမ်းရှိ ရှင်းလင်းဆောင်၌ကျင်းပသည့် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ဓာတ်ဆီအင်ဂျင်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေရာချထားပေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့ လေဘေးသင့် ပြည်သူများအတွက် လူနေအိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် အိုးအိမ်မဲ့ လေဘေးသင့် မိသားစုများအား နေရာချထားပေးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တံခွန်စိုက်ဒိုင်းဆု

ဩဂုတ်၁၆ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

ချင်းတွင်းမြစ်ရေ အခြေအနေ

(ဩဂုတ်၁၇ရက် မွန်းလွဲ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန်၆နာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၁၃၈စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၃၆၀သို့ ရောက်နိုင်ဖွယ်ရှိသည်။

ထို့ပြင် ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ၂၇၇၆စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၉၀၀သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မော်လိုက်မြို့

အလားတူ မော်လိုက်မြို့တွင် စင်တီမီတာ၁၁၉၀နှင့် ကလေးဝမြို့တွင် ၁၅၁၈စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေကာ အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၂၃၀နှင့် စင်တီမီတာ၁၅၅၀များအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ထို့အတူ မုံရွာမြို့တွင် ၉၃၂၈စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၀၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်၌ မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် ဩဂုတ် ၁၇

ဩဂုတ်၁၆ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် ပိုလန်နိုင်ငံတောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်၍ နေအိမ်များ ပြိုလဲပျက်စီးခြင်း၊ ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခြင်းနှင့် သီရိလင်္ကာအရှေ့ပိုင်း၌ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

မိုးရွာသွန်း

ဩဂုတ် ၁၇ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်။

မိုးရေချိန်များ

ဩဂုတ်၁၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၁၂ လက်မ
ကျောက်ဖြူ	၅ ဒသမ ၀၄ လက်မ
ခန္တီး	၃ ဒသမ ၇၀ လက်မ
စစ်တွေ	၃ ဒသမ ၁၉ လက်မ
သံတွဲ	၂ ဒသမ ၇၂ လက်မ
ဗမော်	၂ ဒသမ ၄၈ လက်မ
မောင်တော	၂ ဒသမ ၂၈ လက်မ
ပြည်	၁ ဒသမ ၄၉ လက်မ
မြစ်ကြီးနား	၁ ဒသမ ၄၂ လက်မ
ရေး	၁ ဒသမ ၃၇ လက်မ

နေရာအနှံ့အပြား

ဩဂုတ် ၁၈ရက်(**ယနေ့**) တိုင်းနှင့်ပြည်နယ်များ၏ ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ် ၁၈ရက် (**ယနေ့**) နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာနိုင်ပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မိုးသက်လေပြင်း

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မျက်စိအလင်းကုသိုလ်ရှင်များအား ဂုဏ်ပြုပါသည်

ဒေါက်တာကံညွန့်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ လေ့လာဆန်းစစ်မှုအရ ကမ္ဘာတစ်ဝန်းလုံးမှာ မျက်စိကွယ်နေသူ ၄၅သန်းလောက်ရှိတယ်လို့ ဆိုပါတယ်။ ဒီ ၄၅သန်းကတော့ အကူအညီမပါဘဲ နေထိုင်သွားလာ စားသောက်မရနိုင်တဲ့ ဦးရေပါ။ ကိုယ့်ဟာကိုယ် သွားလာနိုင်ပြီး အတော်အသင့်အလုပ်မျိုးတွေနဲ့ မျက်စိမှုန်ပြီး နေထိုင်ရသူတွေကတော့ ၁၃၅သန်းလောက်ရှိတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာတော့ ၁၉၉၇-၉၈ ခုနှစ်က ကျန်းမာရေးဝန်ကြီးဌာန မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးအဖွဲ့ရဲ့ လေ့လာချက်အရ မျက်မမြင်ဦးရေ သုံးသိန်းကျော်ရှိနေကြောင်း သိရပါတယ်။ နှုန်းနဲ့တွက်ရင် လူတစ်သိန်းမှာ ၆၀၀ မျက်စိကွယ်နေပြီး ရာနှုန်းနဲ့တွက်ရင်တော့ လူတစ်ရာ ၀ဒသမ ၆ယောက် မျက်စိကွယ်နေကြတာ ဖြစ်ပါတယ်။ နောက်ပြီး တစ်နှစ် တစ်နှစ်ကို မျက်စိကွယ်နိုင်သူ ခြောက်သောင်းမှ ကိုးသောင်းအထိ ရှိကြောင်းလည်း သိရပါတယ်။

စုစုပေါင်း မျက်စိကွယ်နေသူ သုံးသိန်းကျော်ရှိတဲ့အထဲက အတွင်းတိမ်ကြောင့် မျက်စိကွယ်နေသူ တစ်သိန်းကိုးသောင်းကျော်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် အတွင်းတိမ်ဟာ မျက်စိကွယ်နေသူအားလုံးရဲ့ ၆၃ ရာခိုင်နှုန်းပါပဲ။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံမှာ မျက်စိဆရာဝန်ပေါင်း ၁၈၀ ကျော် ရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေ ၅၅သန်းကျော် ရှိတာကြောင့် လူဦးရေသုံးသိန်းမှာ မျက်စိဆရာဝန်တစ်ဦးခန့် ရှိနေပါတယ်။ တစ်နှစ်တစ်နှစ်မှာလဲ မျက်စိဆရာဝန် အနည်းဆုံး ၁၀ဦးခန့်ကို မွေးထုတ်ပေးလျက်ရှိနေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မျက်စိကွယ်စေနိုင်တဲ့ အဓိက ရောဂါတွေကတော့ အတွင်းတိမ်၊ ရေတိမ်၊ မျက်ကြည်နာရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ ထိခိုက်ဒဏ်ရာရောဂါ၊ ဗီတာမင်အေ ချို့တဲ့ရောဂါ၊ မွေးကင်းစ မျက်မေးရောင်ရောဂါ၊ မျက်မှန်လိုလို့ မျက်စိမှုန်ရောဂါနှင့် ဆီးချို၊ သွေးတိုးကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲ မျက်စိရောဂါတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဒီရောဂါတွေထဲက အထိရောက်ဆုံးကုသပြီး မျက်စိအာရုံ ပြန်ကောင်းနိုင်ဆုံး ရောဂါကတော့ အတွင်းတိမ်ရောဂါပဲဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော်က လူထုပညာပေးအနေနဲ့-

အတွင်းတိမ်မှန်ပါက
ခွဲစိတ်ကုလျှင် ပျောက်မည်ပ
အတွင်းတိမ်ကြောင့် မျက်စိကွယ်
ခွဲစိတ်ကုဖို့ အလွန်လွယ်
မှန်ဘီလူးငယ် ထည့်ပါက
အမြင်အာရုံ၊ ချက်ချင်းရ။

လို့တောင် ကဗျာတစ်ပုဒ်စပ်ဆို ဖြန့်ဝေထားပါသေးတယ်။

အထက်ကဖော်ပြခဲ့သလို မျက်မမြင် သုံးသိန်းကျော်ထဲက ၆၃ရာခိုင်နှုန်းရှိတဲ့ အတွင်းတိမ်ဝေဒနာရှင် နှစ်သိန်းနီးပါးနဲ့ နှစ်စဉ်တိုးလာတဲ့ အတွင်းတိမ်ဝေဒနာရှင်ငါးသောင်းလောက်ကို ကုသဖို့စဉ်းစားလာရတော့တယ်။ ကျွန်တော်တို့နိုင်ငံမှာ မွေးထုတ်ထားတဲ့ မျက်စိဆရာဝန် ၁၈၀ ကျော်ဟာလဲ အတွင်းတိမ်ကို နိုင်နိုင်နင်းနင်း ခွဲစိတ်ပေးနိုင်တဲ့ ဆရာဝန်တွေပါ။ ကျွန်တော်တို့ နိုင်ငံမှာ အကြီးဆုံး မျက်စိကုဌာနဖြစ်တဲ့ ရန်ကုန်မျက်စိဆေးရုံကြီးကတောင် တစ်နှစ်ကို အတွင်းတိမ်ဝေဒနာရှင်၄၀၀၀ကျော်လောက်ပဲ ခွဲပေးနိုင်တာဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကတော့ အတွင်းတိမ် သုံးသောင်းကျော်လောက်သာ ခွဲပေးနိုင်တာ ဖြစ်ပါတယ်။

ဒီအချက်တွေကိုသိတဲ့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မျက်စိဆရာဝန်တွေဟာ မျက်မမြင်ကာကွယ်ရေးကိစ္စတွေကို ဒီအတိုင်း ဖြေရှင်းနေလို့တော့ မရဘူးဆိုတာ သိခဲ့ကြပါတယ်။ ဒါကြောင့် **မျက်စိဝေဒနာရှင်တွေကို ဆေးရုံကပဲစောင့်ပြီး ခွဲစိတ်ကုသနေမယ့်အစား ဆေးရုံနဲ့ အလှမ်းဝေးတဲ့ မျက်စိဆရာဝန်မရှိတဲ့၊ မျက်စိကုဌာနတွေမရှိတဲ့ ဒေသတွေကို ကိုယ်တိုင်ကိုယ်ကျသွားပြီး ခွဲစိတ်ကုသပေးဖို့ စီစဉ်ခဲ့ကြပါတော့တယ်။ ဒီအစီအစဉ်ကို ၂၀၀၀ပြည့်နှစ်မှစပြီး အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။**

နယ်ထွက်မျက်စိကုသမှုတွေကို အောက်ပါစာရင်းဇယားအတိုင်း နှစ်စဉ်အခမဲ့ကြည့်ရှု ခွဲစိတ်ကုသပေး ဆောင်ရွက်နိုင်ခဲ့ကြပါတယ်-

ခုနှစ်	ပြင်ပလူနာဦးရေ	အတွင်းတိမ်လူနာဦးရေ
၂၀၀၀	၁၅၂၀ ဦး	၅၀၄ ဦး
၂၀၀၁	၁၈၂၁ ဦး	၃၈၈ ဦး
၂၀၀၂	၂၁၀၇ ဦး	၃၁၇ ဦး
၂၀၀၃	၁၀၂၅ ဦး	၃၅၀ ဦး
၂၀၀၄	၂၂၆၃ ဦး	၅၀၅ ဦး
၂၀၀၅	၇၅၉၂ ဦး	၁၁၄၀ ဦး
၂၀၀၆	၂၁၈၂ ဦး	၇၉၀ ဦး
၂၀၀၇	၄၅၄၄၂ ဦး	၄၂၁၃ ဦး
စုစုပေါင်း	**၆၃၉၅၂ ဦး**	**၈၂၀၇ ဦး**

ဒီစာရင်းအရ ၂၀၀၀ပြည့်နှစ်ကစ၍ ၂၀၀၇ခုနှစ်အထိ နယ်ထွက်ပြီး ပြင်ပလူနာပေါင်း ၆၃၉၅၂ဦးကို ကြည့်ရှုပေးခဲ့ကာ အတွင်းတိမ်လူနာ ၈၂၀၇ဦးကို အခမဲ့ ခွဲစိတ်ပေးခဲ့ကြပါတယ်။ ဒီအထဲမှာ ၂၀၀၇ခုနှစ် တစ်နှစ်တည်းမှာပဲ ပြင်ပလူနာပေါင်း ၄၅၄၄၂ ဦးနဲ့ အတွင်းတိမ်လူနာ ၄၂၁၃ ဦး ခွဲစိတ်ပေးနိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီစာရင်းကိုကြည့်ရင် ၂၀၀၇ခုနှစ်မှာ ကြည့်ရှုပေးခဲ့တဲ့ ပြင်ပလူနာပေါင်းနဲ့ ခွဲစိတ်ပေးနိုင်တဲ့ အတွင်းတိမ်လူနာပေါင်းဟာ ယမန်နှစ်တွေကထက် ထူးထူးခြားခြား တိုးတက်များပြားလာတာကိုတွေ့ရမှာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်မှာလဲ နယ်ထွက် မျက်စိကုသမှုတွေကို အားတက်သရော ဆက်လက်ဆောင်ရွက်နေကြပါတယ်။

ဒီလိုတိုးတက်များပြားလာတာဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကြပ်မတ်စီစဉ်ပေးမှု၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများရဲ့ အကူအညီပေးမှု၊ စေတနာရှင် အလှူရှင်များရဲ့ အားတက်သရော ပါဝင်လှူဒါန်းမှုနဲ့ မျက်စိဆရာဝန်များရဲ့ ပူးပေါင်းပါဝင်မှုကြောင့်သာ ဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးပြီး မျက်စိမမြင်ဖြစ်နေကြတဲ့ ကျေးလက် တောရွာက ပြည်သူတွေကို မျက်မမြင်ဘဝက ကယ်တင်နိုင်ရန်အတွက် အားလုံးပူးပေါင်းကူညီဖို့ လိုနေတယ်ဆိုတာကို သတိပြုမိပြီး ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ဒါကြောင့် နောက်နှစ်တွေမှာလဲ အရှိန်အဟုန်မြှင့်တင်ပြီး မျက်စိအလှူဒါနတွေ ဒီထက်ကို ပို၍ ပါဝင်လှူဒါန်းနိုင်ကြပါစေလို့ဆုတောင်းရင်း အလှူရှင်များအား ဤဆောင်းပါးနဲ့ ဂုဏ်ပြုဖော်ပြလိုက်ရပါတယ်။ ။

မျက်စိဝေဒနာရှင်တွေကို ဆေးရုံကပဲ စောင့်ပြီး ခွဲစိတ်ကုသနေမယ့်အစား ဆေးရုံနဲ့ အလှမ်းဝေးတဲ့ မျက်စိဆရာဝန်မရှိတဲ့၊ မျက်စိကုဌာနတွေ မရှိတဲ့ ဒေသတွေကို ကိုယ်တိုင်ကိုယ်ကျသွားပြီး ခွဲစိတ်ကုသပေးဖို့ စီစဉ်ခဲ့။

ဘိလပ်မြေတိုးတက်ထုတ်လုပ်ရေးနှင့် စွမ်းအင်သုံးစွဲမှု လျှော့နည်းသက်သာရေးနည်းပညာ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းကကြီးမှူး၍ M.Y Associates Co., Ltd. (ရန်ကုန်)နှင့် L.V Technology Co., Ltd. (ဗန်ကောက်)တို့မှ ပူးတွဲစီစဉ်သော ဘိလပ်မြေ တိုးတက်ထုတ်လုပ်ရေးနှင့် စွမ်းအင်သုံးစွဲရမှု လျှော့နည်းသက်သာရေး နည်းပညာ ရှင်းလင်းပွဲကို ဩဂုတ် ၁၄ရက် နံနက် ၉နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျောက်ဆည် ဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါနည်းပညာရှင်းလင်းတင်ပြပွဲသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဘိလပ်မြေ စက်ရုံများ၊ ပုဂ္ဂလိက ဘိလပ်မြေ စက်ရုံများမှ ကျွမ်းကျင်ပညာရှင်များ၊အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ M.Y Associates Co., Ltd. Managing Director ဒေါ်ဥမ္မာမြင့် **(ယာပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး L.V Technology Public Co., Ltd. Marketing Manager Ms. Hanne B Nielsen က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Process General Manager Mr. M T Rao က ဘိလပ်မြေ တိုးတက်ထုတ်လုပ်ရေး၊ စွမ်းအင်သုံးစွဲရမှုလျှော့နည်းရေး နည်းပညာများနှင့် ပတ်သက်၍ လည်းကောင်း၊ Assistant to Managing Director Mr. Punya Kritiyawong က L.V နည်းပညာသုံးစွဲထားသော Cement Complete Plant ပေးသွင်းနေမှုအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဖြေကြား

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

ချယ်လ်ဆီးတို့ ဂိုးပြတ်နိုင်ပြီး ရာသီအဖွင့်၌ ချန်ပီယံမန်ယူတို့ သရေပွဲကြုံ

မောင်ချစ်ကြည်

လန်ဒန် ဩဂုတ် ၁၇

၂၀၀၈-၂၀၀၉ ပရီမီယာလိဂ်ပွဲစဉ်(၁) လက်ကျန်ပွဲများကို ဩဂုတ် ၁၇ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံမန်ယူနှင့် နယူးကာဆယ်တို့ပွဲတွင် တစ်ဂိုးစီသရေကျပြီး ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ပွဲ၌ ချယ်လ်ဆီးက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မန်ယူနှင့် နယူးကာဆယ်

လက်ရှိချန်ပီယံ မန်ယူတို့ အိုးထရက်ဖို့ဒ်၌ နယူးကာဆယ်ကို ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ကမ်းဘဲလ်နှင့် ရွှန်နေ တိုက်စစ်အတွဲကို ပွဲထုတ်ပြီး ဂစ်၊ ဖလက်ချာ၊ ကာရစ်နှင့် ပေါလ်စခိုးတို့ဖြင့် ဝိုင်းရံ ထိုးဖောက်ကစားခဲ့သည်။ နယူးကာဆယ်တို့က မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် ပွဲချိန် ၂၂ မိနစ်၌ နယူးကာဆယ်တိုက်စစ်မှူး မာတင်က ခေါင်းတိုက်သွင်းယူလိုက်သဖြင့် နယူးကာဆယ်တို့ အဖွင့်ဂိုးရရှိသွားသည်။ မန်ယူအတွက် ချေပဂိုးကို ၂၄ မိနစ်၌ ဂစ် ဖြတ်တင်ပေးလိုက်သည့်ဘောလုံးမှတစ်ဆင့် ဖလက်ချာ ကန်သွင်းယူလိုက်သဖြင့် တစ်ဂိုးစီကျသွားခဲ့သည်။

ကျေနပ်ရ

မန်ယူအသင်း အနိုင်ဂိုးများ သွင်းယူနိုင်ရေးအတွက် ၂၅မိနစ်၌ ကာရစ်အစား အိုရှေး၊ ၆၃ မိနစ်၌ ဂစ်အစား ပိုစီဘွန်၊ မိနစ် ၈၀၌ ကမ်းဘဲလ်အစား ရာဖေးလ်တို့ကို အစားထိုးကစားစေခဲ့သော်လည်း ဂိုးထပ်မံ မသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ပြီး မန်ယူတို့ ရာသီအဖွင့် ပွဲစဉ်၌ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မန်ယူအတွက် ချေပဂိုးကို ဖလက်ချာက နယူးကာဆယ်ဘက်သို့ ဤသို့ သွင်းယူခဲ့သည်။

ချယ်လ်ဆီးနှင့် ပို့စ်မောက်

၄း၅း၁ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သော နည်းပြ စကိုလာရီ၏ ချယ်လ်ဆီးအသင်းသည် တိုက်စစ်၌ အနယ်လ်ကာတစ်ဦးတည်း တိုက်စစ်မြားဦးတင်ထားခဲ့သည်။ ကွင်းလယ်တွင် ဂျိုကိုးလ်၊ ဒေကို၊ ဘောလက်၊ ဂျွန်အိုဘီနှင့် လမ်းပတ်တို့ကိုထားကာ တယ်ရီ ဦးဆောင်သော ခံစစ်မှူးများဖြင့် အင်အားပြည့် ထုတ်သုံးခဲ့သည်။

ရင်ဆိုင်

ချယ်လ်ဆီးတို့အိမ်ကွင်း၌ ပို့စ်မောက်ကို အသာစီးမှ ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အကြိမ် ၂၀ ခန့်ရရှိကာ အပိုင်ကန်သွင်းခွင့် ကိုးကြိမ်ရရှိခဲ့သည်။ ဒီဖိုးနှင့် ပီတာခရောက်ချ်တို့ တိုက်စစ်အတွဲဖြင့် ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သော ပို့စ်မောက်သည် ဂိုးသွင်းခွင့် ၁၀ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ဖိကစားနိုင်ခဲ့ရာ ၁၂မိနစ်မှာပင် ပို့စ်မောက်ဂိုးဧရိယာအတွင်း ဘောလက်ချပေးလိုက်သည့် ဘောလုံးကို ဂျိုကိုးလ်က ညာခြေဖြင့် အပိုင်ကန်သွင်းပြီး အဖွင့်ဂိုးရယူပေးခဲ့သည်။ ချယ်လ်ဆီးတို့ ဆက်တိုက်ထိုးဖောက်ကစားခဲ့ရာ ၂၆မိနစ်၌ ဒေကို ဂိုးရှေ့တင်ပေးလိုက်သည့် ဘောလုံးကို အနယ်လ်ကာ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

ပို့စ်မောက်တို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားသော်လည်း ဒီဖိုးနှင့် ပီတာခရောက်ချ်တို့ ဂိုးသွင်းမသေချာ၍ ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ ချယ်လ်ဆီးအတွက် တတိယဂိုးကို ၄၇မိနစ်၌ လမ်းပတ်က ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့ပြီး စတုတ္ထဂိုးကို ၈၉မိနစ်၌ ဒေကိုက သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗီလာ လေးဂိုး-နှစ်ဂိုး မန်စီးတီး

အဖွင့်ဂိုးကို ဂျိုကိုးလ်က ပို့စ်မောက်ဘက်သို့ ဤသို့ ကန်သွင်းယူခဲ့သည်။

ရေဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော ရေလှောင်ကွင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား အမရပူရမြို့နယ်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် နဝမအကြိမ်မြောက် ဧရာဝတီမြစ်နှင့်ဆက်စပ်လျက်ရှိသော ရေလှောင်ကွင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၄ရက် နံနက် ၈နာရီခွဲက မန္တလေးတိုင်း အမရပူရမြို့နယ် ရွှေခဲ ရေထိန်းတံခါးအနီးရှိ ဧရာဝတီမြစ်ကမ်းဘေးတွင်ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ(ဝဲပုံ)တက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ငါးမျိုးများ တပျော်တပါး စိုက်ထည့်ပေးကြသည်။

အလားတူ လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း ဧရာဝတီမြစ်အတွင်း စုပေါင်း၍ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ကြည့်ရှုအားပေး

ထိုသို့ ငါးမျိုးစိုက်ထည့်ပေးမှု အခြေအနေများအား တိုင်းမှူးနှင့်ဇနီးတို့က လှည့်လည်ကြည့်ရှုအားပေးသည်။

နဝမအကြိမ်

မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝရေလှောင်ကွင်းများအတွင်း နှစ်စဉ်ငါးမျိုးများ စိုက်ထည့်ပေးခဲ့ရာ ယခုဆိုလျှင် နဝမအကြိမ်ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ထိုသို့စိုက်ထည့်မှုများအပြင် တိုင်းအတွင်းရှိ ဆည်၊ ရေလှောင်တမံများ၌လည်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ထပ်မံစိုက်ထည့်

၂၀၀၇-၂၀၀၈ခုနှစ်တွင် တိုင်းအတွင်းရှိ ဆည်နှင့်ရေလှောင်တမံ စုစုပေါင်း ၈၅ခုသို့ ငါးသားပေါက်ကောင်ရေ သိန်း ၃၄၀စိုက်ထည့်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံစိုက်ထည့်သွားမည် ဖြစ်သည်။ ၄င်းအပြင် အင်းများမှ ငါးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် ငါးသားပေါက်များကို Per Culture, Cage Culture နည်းများ အသုံးပြု၍ စိုက်ထည့်မွေးမြူရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယနေ့ ငါးမျိုးစိုက်ထည့်ပေးမှု အခမ်းအနားတွင် မန္တလေးတိုင်း သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက် ငါးသိန်း၊ ကူမဲငါးလုပ်ငန်းစခန်းမှ ငါးသန်ကောင်ရေ ၅ဒသမ ၅သိန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ ငါးသန် ကောင်ရေ ၅ဒသမ၅သိန်း စုစုပေါင်း ငါးသန်ကောင်ရေ ၁၆သိန်းကို စိုက်ထည့်ပေးခဲ့ကြောင်းနှင့် ငါးမျိုးများမှာ ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ငွေရောင်ငါးကြင်းမျိုးများ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးအောင်သောင်း စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ ကြည့်ရှုစစ်ဆေး ထုတ်လုပ်မှုရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၉ နာရီခွဲက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံသို့ ရောက်ရှိပြီး စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံအနီး တည်ဆောက်လျက်ရှိသော တနော့ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်၌ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ရေလှောင်တမံတည်ဆောက်မှု အခြေအနေ၊ ဇူလိုင်လနှင့် ဩဂုတ်လ မိုးရွာသွန်းမှု အခြေအနေနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က လိုအပ်ချက်များကို ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၏ ကုန်ကြမ်းဌာန ဝါးစုရပ်၌ ဝါးကုန်ကြမ်းများ စနစ်တကျထားရှိမှု အခြေအနေကိုလည်းကောင်း၊ ဝါးတင်ဆိပ်တွင် ဝါးဖောင်များရောက်ရှိမှု၊ ဝါးတင်ကရိန်း တည်ဆောက်မှုနှင့်စစ်တောင်းမြစ်ရေ အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဓာတုဗေဒ စက်ရုံခွဲသို့ရောက်ရှိပြီး လက်ထောက်စက်ရုံမှူး ဦးစိုးမြင့်က ကော့စတစ်ဆိုဒါ ထုတ်လုပ်မှု လုပ်ငန်း အဆင့်ဆင့်နှင့် စက်ပစ္စည်းများ ပြုပြင်တပ်ဆင်ရန် လိုအပ်ချက် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကော့စတစ်ဆိုဒါ ထုတ်လုပ်မှု အခြေအနေနှင့် ကော့စတစ်ပြင်းအား တိုင်းတာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးစားဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက္ကူစက်ရုံ၌ စက္ကူဖြတ်စက်နှင့် ကုန်ထုတ်လုပ်မှု အခြေအနေကိုလည်းကောင်း၊ မျဉ်းသားစက်၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ရုံမှထုတ်လုပ်သော စာအုပ်အမျိုးမျိုးနှင့် စက္ကူအရွယ်အစား အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှု ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဒဂုံမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒဂုံမြို့နယ်ရုံးမှ ဦးစီးမှူး ဒေါ်ယဉ်ယဉ်နု ခေါင်းဆောင်သောအဖွဲ့သည် ဩဂုတ် ၁၁ရက်က ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက်ရှိ စာကြည့်တိုက်သို့ သွားရောက်၍ ရပ်ကွက်ဥက္ကဋ္ဌ ဦးဆန်းထွန်း ခေါင်းဆောင်သော စာကြည့်တိုက်ကော်မတီဝင်များအား စာကြည့်တိုက် ရေရှည်တည်တံ့ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြသခြင်းများကို လက်တွေ့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ မွမ်းမံသင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့် (၂) မွမ်းမံသင်တန်းများဆင်း

ရန်ကုန် ဩဂုတ် ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ မွမ်းမံသင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၂)မွမ်းမံသင်တန်းများဆင်းပွဲကို ဩဂုတ်၁၅ရက် နံနက်က ရန်ကုန်မြို့ရှိ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနေ့ကကျင်းပသည့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ မွမ်းမံသင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၂) မွမ်းမံသင်တန်းတို့၏ သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၆၀တို့ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ရက်က စစ်တွေမြို့ အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကားပြောကြားစဉ်။ (ပြည်နယ် ပြန်/ဆက်)

ICDL အောင်လက်မှတ်များအကြောင်း ဟောပြောပွဲ၊ အောင်လက်မှတ်ချီးမြှင့်ပွဲနှင့် Spring Board 4 Myanmar မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

Ocean Gate Education Services က ကြီးမှူးကျင်းပသော ICDL (International Computer Driving Licence) အောင်လက်မှတ်များအကြောင်း ဟောပြောပွဲ၊ အောင်လက်မှတ်ချီးမြှင့်ပွဲနှင့် Spring Board 4 Myanmar မိတ်ဆက်ရှင်းလင်းပွဲကို ရန်ကုန်မြို့ Myanmar Info Tech ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက အဖွင့်အမှာစကားပြောကြားသည်။ Spring Board 4 Asia ၏ အမှုဆောင် အရာရှိချုပ် Mr. Colin Glass က ICDL အကြောင်း ဟောပြောဆွေးနွေးပြီး Ocean Gate Education Services ၏ ဒုတိယဥက္ကဋ္ဌ ဒေါ်မေဖြူသွယ်က မြန်မာနိုင်ငံအတွင်း ICDL သင်တန်းများ ဖွင့်လှစ် သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ICDL အောင်လက်မှတ်ရရှိသူများနှင့် ထူးချွန်ဆုရရှိသူများကို ဧည့်သည်တော်များနှင့် Ocean Gate ၏ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူစာချုပ်ကို ဦးထင်အောင်ခိုင်နှင့် Mr. Colin Glass တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ **(အပေါ်ပုံ)** ထို့နောက် လုပ်ငန်းဆိုင်ရာအရာရှိချုပ် ဦးသိန်းစိုးက Spring Board 4 Asia အကြောင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

လုပ်ငန်းခွင် ကွန်ပျူတာအသုံးချကျွမ်းကျင်မှု အရည်အချင်းစစ်အောင်လက်မှတ် ဖြစ်သော ICDL ကို(၂၀၀၇)ခုနှစ်မှစပြီး မြန်မာနိုင်ငံတွင် စတင်ခဲ့သည်။ အင်ဂျင်နီယာ ပုံဆွဲပညာ အသုံးချဆော့ဝဲ(လ်)ဖြစ်သော Auto CAD ကျွမ်းကျင်မှုကို စစ်ဆေးပေးသော ICDL CAD ကိုပါအောင်မြင်စွာ စစ်ဆေးပေးနေပြီဖြစ်သည်။ Spring Board 4 Myanmar အနေဖြင့် ICDL ကို ယခုထက်ပိုပြီး တွင်တွင်ကျယ်ကျယ် အောင်မြင်လာအောင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးနှင့် ပညာရေးဆိုင်ရာ အတိုင်ပင်ခံဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဆင့်မြင့်ပညာရေးနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းတို့ကိုပါ ဆောင်ရွက်သွားမည်ဖြစ်သည်။

စိတ်ဝင်စားသူများနှင့် ပူးပေါင်းဆောင်ရွက်လိုသော အဖွဲ့အစည်းများအနေဖြင့် ရုံးခန်းတည်ရှိရာ အမှတ် ၃၅၅၊ အခန်း ၂၀၆ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့် ရန်ကုန် ဖုန်း-၃၈၀၁၃၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ရန်ပယ်ရေလှောင်တမံစီမံကိန်း ရေထိန်းမျှော်စင်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မကွေးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် စိမ်းလန်းစိုပြည်ရေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၅ရက် နံနက် ၈နာရီတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာလာကြပြီး နေပြည်တော် တပ်ကုန်းမြို့နယ် ဝွေးချိုစခန်းသို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က ဆောင်ရွက်လျက်ရှိသည့် နေပြည်တော် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးစန်းဝေက မိုးရာသီကာလအတွင်း လမ်းပိုင်းထိန်းသိမ်းဆောင်ရွက်မှု၊ ပွင့်လင်းရာသီကာလ၌ တစ်လမ်းသွားမှ နှစ်လမ်းသွားအဖြစ် မြေသားလမ်းတိုးချဲ့ခြင်း၊ ကျောက်ချောလမ်း ခင်းခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်း များဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် နေပြည်တော် ပျဉ်းမနားမြို့နယ်အပိုင်း ၄၄ မိုင် ၂ဖာလုံနှင့် တောင်တွင်းကြီးမြို့နယ် အပိုင်း ၂၂မိုင် စုစုပေါင်း ၆၆မိုင် ၂ဖာလုံရှိ လမ်းပိုင်းကြွခိုင်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် တောင်တွင်းကြီးမြို့နယ်ရှိ သစ်တောဦးစီးဌာန ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀သို့ ရောက်ရှိကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် ကင်မွန်းတောင်ကြိုးဝိုင်းအကွက် အမှတ်(၃၂)သို့ ကြည့်ရှုစစ်ဆေးကာ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ၌ စပေါင်းတမန်းနိုး မြေသြဇာကြွပက်နေမှုကို တက်ရောက်အားပေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ရန်ပယ်ရေလှောင်တမံစီမံကိန်း လက်ဝဲရေမြောင်းမကြီးမှတစ်ဆင့် ဆည်ရေသောက်ဧရိယာအတွင်း ရေစီးဝင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေထိန်းမျှော်စင်

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ရန်ပယ်ရေလှောင်တမံစီမံကိန်း၌ ဆည်ရေလှောင်မှုပမာဏကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ရေထိန်းမျှော်စင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရန်ပယ်ရေလှောင်တမံသည် မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာတွင်တည်ရှိပြီး ရန်ပယ်ချောင်းနှင့် ဘရုံချောင်းအနီးတည်ဆောက်ထားခြင်းဖြစ်သည်။ မူလအကျိုးပြုဧကမှာ ဧက ၁၀၀၀၀ရှိပြီး တမံအမြင့် ၇၈ပေ၊ တမံအလျားပေ ၉၁၀၀ရှိ မြေသားတမံအမျိုးအစားဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စုရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၌ မြင်းသွေးမှတစ်ဆင့် မြွေဆိပ်ဖြေဆေးနှင့် မေးခိုင်ရောဂါ ကာကွယ်ဆေးတို့ ဖော်စပ်အသုံးပြုနိုင်ရန်အတွက် မြင်းများမွေးမြူထားမှု၊ တစ်နေ့တာ အစာကျွေးမွေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)၌ စက်ရုံမှထုတ်လုပ်ထားသော ပြောင်းဖူးဆီ၊ ပြောင်းဖူးကော်မှုန့်၊ ပရိတိန်းနမူနာများနှင့် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ပရပ်ကြယ်ကျေးရွာရှိ ရန်ပယ်ရေလှောင်တမံလက်ဝဲလက်တံမြောင်းမကြီးမှတစ်ဆင့် ဆည်ရေသောက်ဧက ၈၀၀ ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-သစ်ရာကောက် ဖြတ်လမ်းဘေးရှိ ပြည်သာယာစိုက်ပျိုးရေး ကုမ္ပဏီလီမိတက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်ပပို့သီးနှံ စိုက်ပျိုးရေးစီမံကိန်း အထွေထွေ မန်နေဂျာ ဦးအောင်မင်းက ပြည်သာယာစိုက်ပျိုးရေးမြေဧက ၇၆၇၆ ဧကနှင့် ဒို့ယာမြေစိုက်ပျိုးရေးမြေဧက ၂၇၀၀ တွင် နှမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နေကြာ၊ ပဲနောက်၊ နံ့စားပြောင်း၊ ကုလားပဲ၊ ပဲတီစိမ်းနှင့် ပဲနောက်သီးနှံများ၊ ကြက်ဆူကြားနှင့် ခြံစည်းရိုးကြက်ဆူများ စနစ်တကျ စိုက်ပျိုးထားမှု၊ လယ်မြေအဖြစ် ဖော်ထုတ်ရရှိနိုင်သော နေရာများတွင် စပါးစိုက်ပျိုးထားမှု၊ ဒေသခံနွားမျိုးများ မွေးမြူထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက မကွေးတိုင်းအတွင်း ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက ရယူထားသည့် မြေဧရိယာများနှင့် စိုက်ပျိုးထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပိုမိုစိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က ဖော်ထုတ်ပြီး မြေဧရိယာအတွင်း မြေသယံဇာတအပြည့်အဝ အသုံးချနိုင်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို ပိုမိုစိုက်ပျိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နမူနာပြသထားသော နှမ်းနက်(သိပ္ပံ)နှင့် နှမ်းနက်ပင်(သိပ္ပံ)တို့ကို ကြည့်ရှုစစ်ဆေးကာ နှမ်းတလင်းအတွင်း နှမ်းထောင်ထားမှု၊ နှမ်းခါနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်စိုက်ပျိုးရန်စီစဉ်

မကွေးတိုင်းတွင် ကုမ္ပဏီ ၂၄ခုတို့က စုစုပေါင်း မြေဧရိယာ ၁၈၂၅၃ ဧကပေါ်တွင် ၃၃၉၃၆ ဧကဖော်ထုတ်ပြီး ၂၈၁၁၄ ဧက စိုက်ပျိုးပြီး ကျန်ရှိသော မြေများကိုလည်း ဆက်လက်စိုက်ပျိုးရန် စီစဉ်လျက်ရှိသည်။

စိုက်ပျိုးပေး

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ကိုးပင်-စမ်းမကြီး-သစ်ရာကောက် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဖနိကာမဟီကုမ္ပဏီက စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ အောင်လံမြို့အဝင်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စပေါင်းစိုက်ပျိုးမှုကို တက်ရောက်အားပေး၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ရောက်ရှိ

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ခြံစည်းရိုးကြက်ဆူပင်မှတစ်ဆင့် ထုတ်ယူရရှိသော ဇီဝလောင်စာဆီဖြင့် မီးစက်အင်ဂျင်၌ အသုံးပြုထားရှိမှု၊ မီးဖိုလောင်စာဆီဖြင့် ချက်ပြုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် အောင်လံမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အကောက်ခွန်ဦးစီးဌာန အရာထမ်းများအား ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများ တွေ့ဆုံပွဲကို ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာနရုံးချုပ် စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကောက်ခွန်ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများ တက်ရောက်ကြသည်။

အလေးထားကြိုးပမ်း

တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စီမံခန့်ခွဲရေးအဆင့် အရာထမ်းများဖြစ်ကြသည်နှင့်အညီ တာဝန်ဝတ္တရားများကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်ပြီး စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး အလေးထားကြိုးပမ်းကြရန်၊ ဝန်ထမ်းအဆင့်အတန်းအလိုက် အရည်အချင်းပြည့်မီစေရေးကို စီမံခန့်ခွဲရေးအဆင့် အရာထမ်းများက ကြိုးကြပ်ဆောင်ရွက်သွားကြရန် စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနခွဲအလိုက် ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်ဝတ္တရားများ၊ ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများအား အမှာစကားပြောကြားစဉ်။
(ဘဏ္ဍာ/အခွန်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ဆက်လက်ဆင်နွှဲ
တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၌ ရုရှားတို့ ရွှေ ငွေ ကြေး သိမ်းကျုံးယူသွား

မောင်မောင်မြင့်ဆွေ ရေးသားသည် (ကိုးကား-ဆင်ဟွာသတင်းအချက်အလက်များ)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း သြဂုတ် ၁၇

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ဆက်လက်ကျင်းပလျက်ရှိရာ အားကစားပြိုင်ပွဲအသီးသီး၌ နိုင်ငံတကာမှ အားကစားမောင်မယ်များ အကြိတ်အနယ်ဆင်နွှဲလျက် ရှိကြသည်။ သြဂုတ်၁၇ရက်က ယှဉ်ပြိုင်ခဲ့သည့် အိုလံပစ်အားကစားပြိုင်ပွဲများအနက် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် နိုင်ငံတကာမှ အားကစားမောင်မယ်များအချို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

မာရသွန်

အမျိုးသမီး မာရသွန်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို နိုင်ငံတကာမှ မာရသွန်အပြေးမယ်များ ဝင်ရောက် ဆင်နွှဲကြရာ ရိုမေးနီးယား မာရသွန်အပြေးမယ် ကွန်စတန် တီးရားတိုမက်ကူက ၂နာရီ ၂၆မိနစ် ၄၄ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ထို့အတူ ကင်ညာအပြေးမယ် အင်ဒီရီဘာက ၂နာရီ ၂၇မိနစ် ဝ၆စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး တရုတ်အပြေးမယ် လျူဆောင်လင်းက ၂နာရီ ၂၇မိနစ် ၁၆ စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။



အမျိုးသား မီတာ ၁၀၀ တာတိုအပြေးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ဂျမေကာ အပြေး သမား အူဆင်ဘိုလ် က ၉ဒသမ၆၉စက္ကန့်ဖြင့် ဉာသို့ရှေ့ဆုံးမှ ပန်းဝင်ခဲ့သည်။

စက်ဘီး

အမျိုးသမီး သုံးကီလိုမီတာ စက်ဘီးစီးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ ဗြိတိသျှ စက်ဘီးမယ် ရီဘီကာရိုမီရိုက ၃မိနစ် ၂၈ဒသမ ၃၂၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ထို့အတူ ဗြိတိသျှစက်ဘီးစီးမယ် ဝမ်ဒီ ဟောဗင်နာဂယ်က ၃ မိနစ် ၃၀ဒသမ ၃၉၅ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ယူကရိန်း စက်ဘီးစီးမယ် လက်စ်ယာကာ လီကိုစကာက ၃မိနစ် ၃၁ဒသမ ၄၁၃စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

ရွက်လှေ

အမျိုးသမီးရွက်လှေပြိုင်ပွဲ သုံးယောက်တွဲ ရွက်လှေပြိုင်ပွဲ၌ ဗြိတိသျှရွက်လှေအားကစားမယ်အဖွဲ့က ၂၄မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ နယ်သာလန် ရွက်လှေအားကစားမယ်များက ၃၃မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဂရိရွက်လှေအားကစားမယ်များက ၄၈မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ရေကူး

အမျိုးသမီး မီတာ ၅၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲ၌ ဂျာမနီရေကူးမယ် ဘရီတာစတီဖင်က ၂၄ ဒသမ ဝ၆စက္ကန့်ဖြင့်

ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ အမေရိကန်ရေကူးမယ် ဒါရာတောရက်စ်က ၂၄ဒသမ ဝ၇ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး သြစတြေးလျရေကူးမယ် ကိတ်ကမ်းဘဲလ် က ၂၄ဒသမဝ၇စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

စိတ်ကြိုက်

အမျိုးသား မီတာ ၁၅၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲ၌ တူနီးရှားရေကူးသမား အော့ဆမာမီယောလီက ၁၄ မိနစ်၄၀ ဒသမ ၈၄စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ သြစတြေးလျရေကူးသမား ဂရန့်ဟက်ကတ်က ၁၄ မိနစ် ၄၁ ဒသမ ၅၃စက္ကန့် ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ကနေဒါ ရေကူးသမား ယန်ကိုချန့်က ၁၄မိနစ် ၄၂ ဒသမ ၆၉ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

လက်ဆင့်ကမ်း

အမျိုးသား မီတာ ၄၀၀ လေးယောက် လက်ဆင့်ကမ်း ရေကူးပြိုင်ပွဲတွင် အမေရိကန်ရေကူးအဖွဲ့က ၃ မိနစ် ၂၉ ဒသမ ၃၄ စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ သြစတြေးလျရေကူးအဖွဲ့က ၃ မိနစ် ၃၀ ဒသမ ဝ၄ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိ ခဲ့ပြီး ဂျပန်ရေကူးအဖွဲ့က ၃ မိနစ် ၃၁ ဒသမ ၁၈စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲ ဆက်လက်ကျင်းပရာ ရုရှားတင်းနစ်မယ် အီလီနာဒီမင်တီဗာက ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ သူမအနေဖြင့် တစ်နိုင်ငံတည်း တင်းနစ်မယ် ဒိုင်နာရာဆာဖီနာ အား ၃-၆၊ ၇-၅၊ ၆-၃ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဒိုင်နာရာဆာဖီနာက ငွေတံဆိပ်ရရှိခဲ့ပြီး ရုရှားမှ ဗီရာဇာဗိုနာရီဗာက တရုတ်မှ လီနာအား ၆-၀၊ ၇-၅ နှစ်ပွဲပြတ်ဖြင့်နိုင်ပြီး ကြေးတံဆိပ် ရရှိခဲ့ရာ တစ်ဦးချင်းအမျိုးသမီး တင်းနစ် ပြိုင်ပွဲ၌ ရုရှားတင်းနစ်မယ်များ ရွှေ၊ငွေ၊ကြေး တံဆိပ်များ သိမ်းကျုံးယူသွားနိုင်ခဲ့သည်။

အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ် ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက် ယှဉ်ပြိုင်ရာ အမေရိကန်တင်းနစ် ညီအစ်မ ဆီရီနာဝီလျံနှင့် ဗီးနပ်စ်ဝီလျံတို့က စပိန်တင်းနစ်မယ်များဖြစ်သော ဂါရီဂတ်စ် နှင့် ပါစကူရယ်လ်တို့အား ၆-၂၊ ၆-၀ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ စပိန်တင်းနစ်မယ်များ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ တရုတ် တင်းနစ်မယ် ယန်နှင့် ကျန်တို့က ယူကရိန်း တင်းနစ်မယ်များကို ၆-၂၊ ၆-၂ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ကြေးတံဆိပ်ရရှိ ခဲ့သည်။



မာရသွန် ရွှေဆု

ရိုမေးနီးယား မာရသွန်အပြေးမယ် ကွန်စတန်တီးရား ဉာသို့ ပန်းဝင်ခဲ့ပြီး ရွှေတံဆိပ် ရယူခဲ့သည်။

ယှဉ်ပြိုင်

အမျိုးသမီး တစ်ဦးချင်း တင်းနစ် ပြိုင်ပွဲ၌ ရွှေတံဆိပ် ရရှိခဲ့သည့် ရုရှားတင်း နစ်မယ် အီလီနာဒီမင် တီဗာယှဉ်ပြိုင်ဟန်။

သေနတ်ပစ်

အမျိုးသားမီတာ ၅၀ ရိုင်ဖယ်ပစ် ပြိုင်ပွဲ၌ နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက် ယှဉ်ပြိုင်ရာ တရုတ်မှ ကျူကျင်း က ၁၂၇၂ ဒသမ ၅မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွား သည်။ ယူကရိန်းမှ ဆူခိုယူကော့ဗ်က ၁၂၇၂ ဒသမ ၄မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဆလိုဗက်ကီးယားမှ ရာမွန့်ဒီဘီဗက်က ၁၂၇၁ ဒသမ ၇မှတ်ဖြင့် ကြေးတံဆိပ်ရရှိ ခဲ့ကြောင်းသိရသည်။

ရွက်လှေ ရွှေ

အမျိုးသမီး သုံး ယောက် တွဲ ရွက်လှေ ပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့ သော ဗြိတိသျှ ရွက်လှေမယ်များ အား ရွှေတံဆိပ် များနှင့်အတူ တွေ့ ရစဉ်။

ပေကျင်းအိုလံပစ် ဆုရရှိမှုအနေအထား

သြဂုတ် ၁၇ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၃၅	၁၃	၁၃	၆၁
၂	အမေရိကန်	၁၉	၂၁	၂၅	၆၅
၃	ဗြိတိန်	၁၁	၆	၈	၂၅
၄	ဂျာမနီ	၉	၆	၆	၂၁
၅	သြစတြေးလျ	၈	၁၀	၁၁	၂၉
၆	တောင်ကိုရီးယား	၈	၉	၅	၂၂
၇	ဂျပန်	၈	၅	၇	၂၀
၈	ရုရှား	၇	၁၁	၁၂	၃၀
၉	အီတလီ	၆	၆	၆	၁၈
၁၀	ယူကရိန်း	၅	၃	၆	၁၄
၁၁	ပြင်သစ်	၄	၉	၁၂	၂၅
၁၂	ရိုမေးနီးယား	၄	၁	၃	၈
၁၃	စပိန်	၃	၂	၁	၆
၁၄	ဆလိုဗက်ကီးယား	၃	၁	-	၄
၁၅	နယ်သာလန်	၂	၄	၄	၁၀
၁၆	ပိုလန်	၂	၃	၁	၆
၁၇	ချက်	၂	၃	-	၅
၁၈	ကနေဒါ	၂	၁	၄	၇
၁၉	မြောက်ကိုရီးယား	၂	၁	၃	၆
၂၀	နယူးဇီလန်	၂	၁	၂	၅
၂၁	ဆွစ်ဇာလန်	၂	-	၃	၅
၂၂	ဂျော်ဂျီယာ	၂	-	၁	၃
၂၃	ကျူးဘား	၁	၃	၄	၈
၂၄	ကာဇက်စတန်	၁	၃	၄	၈
၂၅	ဇင်ဘာဘွေ	၁	၃	-	၄
၂၆	အဇာဘိုင်ဂျန်	၁	၂	၂	၅
၂၇	နော်ဝေ	၁	၂	၁	၄
၂၈	အင်ဒိုနီးရှား	၁	၁	၃	၅
၂၉	ဆလိုဗေးနီးယား	၁	၁	၂	၄
၃၀	ဘူလ်ဂေးရီးယား	၁	၁	၁	၃
၃၁	ဖင်လန်	၁	၁	၁	၃
၃၂	မွန်ဂိုလီးယား	၁	၁	-	၂
၃၃	ဘရာဇီး	၁	-	၄	၅
၃၄	ဒိန်းမတ်	၁	-	၃	၄
၃၅	အီသီယိုးပီးယား	၁	-	-	၁
၃၆	အိန္ဒိယ	၁	-	-	၁
၃၇	ဂျမေကာ	၁	-	-	၁
၃၈	ထိုင်း	၁	-	-	၁
၃၉	တူနီးရှား	၁	-	-	၁

အက်စ်အေအက်စ်မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပတ်လည်အဆင့်တွင် ပီတာဟန်ဆင်ဦးဆောင်လျက်ရှိ

စတော့ဟုမ်း သြဂုတ် ၁၇

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော အက်စ်အေအက်စ်မာစတာ ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအဆင့် ပတ်လည်ပြိုင်ပွဲတွင် ဆွီဒင်ဂေါက်သီးသမား ပီတာဟန်ဆင်**(ယာပုံ)**သည် ပြိုင်ဘက် နစ်ခ် ဒေါ်ဂါတီအား ကျော်တက်ကာ သတ်မှတ် ရိုက်ချက်အောက် ၁၀ချက် လျှော့ရိုက်ပြီး ရိုက် ချက်၆၈ချက်ဖြင့် ပြိုင်ပွဲကို ဦးဆောင် နေသည်။

ရပ်တည်

ဗြိတိသျှဂေါက်သီးသမား ဒေါ်ဂါတီ သည် ရိုက်ချက်၇၀ဖြင့် သတ်မှတ်ရိုက်ချက် အောက် ရှစ်ချက်လျှော့ရိုက်ပြီး ဒုတိယနေရာ ၌ ရပ်တည်နေသည်။ ဒိန်းမတ်မှ ဆိုရင်ကေ ဂျီလ်ဆင်၊ ဆွီဒင်မှ ဒန်နီယယ်ချိုပရာနှင့် ပီလီအက်ဒ်ဘာ့ဂ်၊ စကော့တလန်မှ ဂါရီ အော်တို့သည်လည်း သတ်မှတ်ရိုက်ချက် အောက် ရှစ်ချက်စီ အသီးသီးလျှော့ရိုက်ထား ကြသည်။ **(အင်တာနက်)**

ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့ထွက်ခွာရေး ဒရော့ဘာ စိတ်အားထက်သန်ဆဲ ရှိနေဟုဆို

လန်ဒန် သြဂုတ် ၁၇

အိုင်ဗရီကို့စ်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ချယ်လ်ဆီးအသင်းမှ ထွက်ခွာလိုဆဲဖြစ်ပြီး ထိုသို့ထွက်ခွာရန်လည်း နည်းလမ်းရှာနေဆဲ ဖြစ်သည်။ ချယ်လ်ဆီးနည်းပြစကိုလာရီသည် ဒရော့ဘာအား အသင်းတွင် ဆက်လက်ထိန်းထား လိုသော်လည်း အားကစားသမားအပြောင်းအရွှေ့ကိစ္စကို ကလပ်အမှုဆောင်အဖွဲ့နှင့်သာ လွှဲအပ်ထားသည်။

ယခုလောလောဆယ်တွင် ဒူးဒဏ်ရာ ပြန်လည်ကောင်းမွန်လာရန် မဆုတ်မနစ် ကြိုးစားနေသူ ဒရော့ဘာ**(ယာပုံ)**သည် အီတလီနှင့် စပိန်တို့မှ ခေါ်ယူရန်ကမ်းလှမ်းမှုများကို လွှဲချော်ခဲ့ရခြင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်လျက်ရှိသည်။ ပြီးခဲ့သည့်ဘောလုံးရာသီက ဒရော့ဘာသည် ချယ်လ်ဆီးမှ ထွက်ခွာရေး ၎င်း၏အိပ်မက်ကို အကောင်အထည်ဖော်ရန် ကြိုးစားခဲ့ဖူးသည်။

ထပ်လောင်းပြောကြား

မိမိတို့သည် ချယ်လ်ဆီးတွင် ဒရော့ဘာကစားရန် ကျန်ရှိသော နှစ်နှစ်တာစာချုပ်သက်တမ်းကို တိုးချဲ့ချုပ်ဆိုရန် ကြိုးစားနေခြင်း မရှိခဲ့ကြောင်း၊ ယခုဘောလုံးရာသီအကုန်တွင် အသင်းအနေဖြင့် ရောင်းထုတ်ဖွယ်ရှိကြောင်း ချယ်လ်ဆီး အမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်က ထုတ်ဖော်ပြောကြား ခဲ့သည်။ အလားတူပင် မကြာသေးမီက မိမိတို့အသင်း၏ အကောင်းဆုံး ကစားသမားများကို ယခုရာသီတွင် ရောင်းမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ချက်နှင့်ချစ်ကြည်ရေးပွဲစဉ် အတွက် ဟက်စကီးအား ကာပယ်လိုပြန်လည်ခေါ်ယူ

လန်ဒန် သြဂုတ် ၁၇

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ချက်လက်ရွေးစင်အသင်းတို့ ချစ်ကြည်ရေး ဘောလုံးပွဲစဉ်အတွက် ဝီဂန်တိုက်စစ်မှူး အီမီလီဟက်စကီးအား အင်္ဂလန်အသင်းနည်းပြ ကာပယ်လိုက ပြန်လည်ခေါ်ယူလိုက်ပြီဖြစ်သည်။ သို့သော်လည်း တိုက်စစ်မှူးပီတာခရော့ချ်အား ခေါ်ယူခြင်းမပြုဘဲ ချန်လှပ်ထားခဲ့သည်။

ပါဝင်ကစားခဲ့

ဟက်စကီးသည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ၄၅ပွဲကစားရာတွင် ငါးဂိုးသွင်း ယူခဲ့ပြီး ၂၀၀၇ခုနှစ် စက်တင်ဘာလက ရုရှားအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသောပွဲတွင် လက်ရွေးစင်အသင်း၌ နောက်ဆုံးပါဝင်ကစားခဲ့သူဖြစ်သည်။

ယခုနွေရာသီတွင် လီဗာပူးမှ ပို့စ်မောက်သို့ ပေါင်၁၁သန်းဖြင့် ပြောင်းရွှေ့ခဲ့သူ ပီတာခရော့ချ်အား သြဂုတ် ၂၀ရက်တွင် အင်္ဂလန်နှင့် ချက်အသင်းတို့ကစားမည့် ချစ်ကြည်ရေးပွဲစဉ်တွင် ရွေးချယ်ခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ခြင်းသည် အင်္ဂလန်ဘောလုံး အသိုင်းအဝိုင်းတွင် အံ့သြစရာ ဖြစ်နေကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ)ခေါ်ယူခြင်း

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အတွက် စက္ကူစာရေးကိရိယာ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂများ ဝယ်ယူနိုင်ရန်အတွက် ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ)ခေါ်ယူအပ်ပါသည်။

တင်ဒါပိတ်ရက်မှာ ၄-၉-၂၀၀၈ရက် နံနက် ၁၁:၀၀နာရီတိတိဖြစ်ပါသည်။

တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းစိစစ်ရွေးချယ်ဝယ်ယူရေးနှင့် ဈေးနှုန်းစိစစ်ရေးအဖွဲ့၊
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊
ဖုန်း-၆၁၃၈၄၄၊ ၆၁၃၇၉၉၊ ၆၁၃၈၀၁။



ဥတုရာသီ တောက်ပြီ

အမည်ပြောင်း

အဖ ဦးကျော်ဇောအောင်၏သမီး အထက(၂)တာမွေ တက္ကသိုလ်ဝင်တန်း(D)မှ မခိုင်ဆုသဇ္ဈာအောင်အား မခိုင်ဆုစန္ဒီဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ဆုစန္ဒီ။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ဘ/၉၀၂၇၏ ယာဉ်မှတ်ပုံတင်ကတ်ပြားနှင့် စက်သုံးဆီဝယ်ယူခွင့်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၄၁၅၃၅။**





မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဘဏ်လုပ်ငန်းဆိုင်ရာများကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၇

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းသည် ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးဝင်းဟန် လိုက်ပါလျက် ဩဂုတ်၁၅ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ရောက်ရှိပြီး ပြည်နယ်ဘဏ်ခွဲနှင့် မြို့နယ်ဘဏ်ခွဲဝန်ထမ်းများအား တွေ့ဆုံ၍ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထုတ်ချေး

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပြည်နယ်မန်နေဂျာ ဦးလှတိုး လိုက်ပါလျက် သီပေါ၊ ကျောက်မဲ၊ နောင်ချိုပြင်ဦးလွင်မြို့နယ်ဘဏ်ခွဲများသို့ လှည့်လည်စစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် မြို့နယ်ဘဏ်ခွဲငါးခုမှ မြို့နယ်ကိုးမြို့နယ်ရှိ တောင်သူလယ်သမားများသို့ ၂၀၀၈ မိုးရာသီ ဘဏ်ချေးငွေ ကျပ် ၄၅၉ ဒသမ ၉၄၈ သန်း၊ လက်ဖက်ထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၁၃၇သန်း၊ ဖွံ့ဖြိုးရေးချေးငွေကျပ် ၁၂၂ဒသမ၅၄သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

(လယ်ယာဖွံ့ဖြိုးရေးဘဏ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

အင်တာနက်နှင့်အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် ၁၀/၂၀၀၈ကို စက်တင်ဘာ ၁ရက်မှစတင်၍ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

သင်တန်းသူ အမျိုးသမီး ၃၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက်တန်းတွင်ရယူ၍ ဩဂုတ်၂၉ရက်နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(အမျိုးသမီးရေးရာ)

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရေယာဉ်အတက်အဆင်း အန္တရာယ်ကင်းရှင်းရေး သစ်သားတံတားနှင့် အဆောက်အအုံ ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ဖျာပုံမြို့ဆိပ်ကမ်းတွင် ကုန်ပစ္စည်းများအတင်အချနှင့် ခရီးသွားပြည်သူများ ရေယာဉ်အတက်အဆင်း အန္တရာယ်ကင်းရှင်း၍ လွယ်ကူအဆင်ပြေစေရေးတို့အတွက် ဆိပ်ခံတွဲသစ်များ သက်ဆိုင်ရာကထားရှိပေးပါသည်။

သို့သော်လည်း ဆိပ်ခံတွဲမှ ကုန်းပေါ်တက်ရန်ခင်းထားသည့် သစ်သားတံတားနှင့် အဆောက်အအုံမှာ ခရီးသည်များအတွက် အန္တရာယ်ဖြစ်ဖွယ် ပျက်စီးယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

သံရည်ကျိုနှံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းနှင့် မြတောင်ဝန်ကြီး ဦးမှိုလမ်းထောင့်ရှိ သံရည်ကျိုစက်ရုံမှ ၂၄ နာရီပတ်လုံး သံရည်ကျိုချက်ရာမှ ထွက်ပေါ်လာသော အပြင်းစားအဆိပ်ငွေ့ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ စက်ရုံဝန်ထမ်းများ ကျန်းမာရေးထိခိုက်နေရပါသဖြင့် ယင်းစက်ရုံကို သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးများမခံနိုင်သူ

ပလက်ဖောင်းပေါ်က လက်ဖက်ရည်ဆိုင်ကြောင့် လမ်းပိတ်ဆို့နေ

စာတည်းခင်ဗျား-

ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် လူသွားလမ်းပလက်ဖောင်းပေါ်တွင် ခုံများခင်းကျင်း၍ လမ်းပိတ်ဆို့ရောင်းချနေပါသဖြင့် လမ်းသွားလမ်းလာများအား အနှောင့်အယှက် ဖြစ်နေပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တာဝန်သိပြည်သူတစ်ဦး

အမှိုက်များမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်းနှင့် ၁၅၃လမ်းကြားတွင် အပေါ်ထပ်များမှပစ်ချသော အမှိုက်များကြောင့် နောက်ဖေးလမ်းကြားတွင် အနံ့ဆိုးများ ထွက်နေသည့်အပြင် ခြင်၊ ယင်၊ ကြွက်များကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဗျိုင်းရေအိုးစင်လမ်းသား

လမ်းပေါ်မှ ကျူးကျော်အိမ် ဖယ်ရှားပေးပါ

စာတည်းရှင့်-

မန္တလေးတိုင်း အမရပူရမြို့ လေးစုရပ်ကွက် စစ်ကိုင်းစုရပ် စစ်ကိုင်းစုလမ်းမပေါ်၌ ကျူးကျော်အိမ်တစ်အိမ် ဆောက်လုပ်ထားရာ လမ်းမြေမှာ အလွန်ကျဉ်းမြောင်းပြီး လမ်းသွားသူများ အခက်အခဲဖြစ်ကာ မီးဘေးအန္တရာယ် စိုးရိမ်နေရသောကြောင့် အဆိုပါကျူးကျော်အိမ်ကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

အချိန်နှင့်ယာဉ်စီးခမှန်ကန်စေလို

စာတည်းခင်ဗျား-

ဆူးလေနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၇/ဝလမ်းဆုံအထိသာပြေးဆွဲသော ဃ/ကား BM များကို တာမွေအပိုင်းမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ ည ၈ နာရီခန့်၌ စီးခဲ့ရာ ယာဉ်စီးခကို ကျပ် ၁၀၀မှ ကျပ် ၁၅၀သာ ပေးခဲ့ရဖူးပါသည်။ ၁၀-၈-၂၀၀၈ရက် ည၇နာရီတွင် ၈ျ-၅၅၆၇ ဃ/ကား BM ကားမှာ တာမွေအပိုင်းမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့စီးရာ ကားပေါ်ရောက်မှ ကျပ် ၂၀၀ တောင်းပါ၍ အချိန်နှင့်ယာဉ်စီးခတောင်းမှု မှန်ကန်မှုရှိစေရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

ခရီးသွား

ရွှေချိန်ခွင်လမ်း ပြုပြင်ပေးပါ

စာတည်းရှင့်-

ဧရာဝတီတိုင်း မအူပင်မြို့ (၁)ရပ်ကွက် ရွှေချိန်ခွင်လမ်းသည် စက်ဘီးများ၊ အနေးယာဉ်ဆိုက်ကားများ သွား၍မရအောင် လမ်းမှာကျဉ်းပြီး ကျင်းများ၊ ချိုင့်များဖြင့် ပျက်စီးနေပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေချိန်ခွင်လမ်းသူ

ယာဉ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ပေးပါရန်

စာတည်းခင်ဗျား-

မြဝတီမြို့မှ ကော့ကရိတ်-ဘားအံသို့ ပြေးဆွဲနေသော ကားကြီးကားငယ်များသည် မြဝတီမြို့ အဝေးပြေးကားဂိတ်တွင် ရပ်နားခြင်းမရှိဘဲ မြဝတီမြို့လယ်ရှိ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့စွာ ရပ်နားနေကြရာ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်နေပါသည်။ သို့ပါသောကြောင့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့စွာ ရပ်နားနေကြသော ကားကြီးကားငယ်များအား ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဘုရင့်နောင်လမ်းသား

ရေနုတ်မြောင်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းရှင့်-

ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ရတနာဒီပ လောကအဓိပတိဘုရား အရှေ့ဘက်အခြမ်းရှိ အိမ်ရှေ့ရေနုတ်မြောင်းများမှာ အမှိုက်များပိတ်ဆို့နေကာ ရေများလျှံပြီး အိမ်များအတွင်းသို့ ဝင်လျက်ရှိသည့်အပြင် ရေမြောင်းများတွင် ရေအမြဲဝပ်နေခြင်းကြောင့် ကျန်းမာရေးထိခိုက်ကြရပါ၍ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

အမှိုက်ပုံနေရာ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဈေးကြီးအနီး မြို့နယ်လျှပ်စစ်ရုံးထောင့် လမ်းမပေါ်၌ ကြီးမားသောအမှိုက်ပုံကြီး ပိတ်ဆို့လျက်ရှိရာ ထိုအမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ဈေးဝယ်သူ၊ ရောင်းချသူများ ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ပါ၍ အဆိုပါအမှိုက်ပုံကို သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်ရေး ဆောင်ရွက်ပြီးစီး

၂၈-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဟိုပန်မြို့မှကာရာအိုကေဆိုင်ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အမှိုက်ပုံရှင်းလင်းဆောင်ရွက်ပြီးစီး

၄-၈-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **စစ်ကိုင်းမြို့ မြို့မဈေးသစ်ကြီး မြောက်ဘက်သွပ်မိုးတန်းရုံနှင့် ကပ်လျက်ရှိသော အမှိုက်ပုံကြီး၏ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်**ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်းဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့ မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဈေးရှေ့လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ခိုင်မာရေး ဟောပြော

ရန်ကုန် ဩဂုတ် ၁၇

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၆)မင်္ဂလာတောင်ညွန့်တွင် ဇူလိုင် ၃၀ရက် မွန်းလွဲ ၁နာရီက စာကြည့်တိုက်များ ရှင်သန် ခိုင်မာတိုးတက်ရေး ဟောပြောပွဲကို ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်၏ အရေးပါမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာရေး ဟောပြောကြောင်း သိရသည်။ (၁၁၄)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဇူလိုင် ၁၉ရက်က ကျောက်တန်းမြို့နယ် တံတားမြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးမိုးကျော်နှင့် အငယ်တန်း အင်ဂျင်နီယာဦးသန်းလွင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေပြည်ဟိန်းဆရာတော်စီမံလျက်ရှိသော လေဘေးသင့်ဒေသများ ကျန်းမာရေးစောင့်ရှောက်မှုအလှူအတွက် ဗိုလ်တထောင်မြို့နယ် ၄၄လမ်း(ဦးထင်အောင်)-ဒေါ်ခင်ပြုံးလွင်၊ သမီး မကေခိုင်(ဩစတြေးလျ)၊ သား အောင်ထက်ဟိဏ်း၊ မမူမူလွင် မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိ လက်ခံရအရှင်မြတ်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၇)

မိုးစပါးလျှာထားဧက ပြည့်မီရေးနည်းလမ်းများ ရေဦး၌ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်

ရေဦး ဩဂုတ် ၁၆

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချိုသည် ဩဂုတ် ၆ရက် မွန်းလွဲ ၁နာရီက ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၀၈ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲသို့ တက်ရောက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးအုန်းချိုက စစ်ကိုင်းတိုင်း မုံရွာမြို့၌ကျင်းပသော ၂၀၀၈ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၏ လုပ်ငန်းမှာကြားချက်များကို လည်းကောင်း၊ မိုးစပါးလျှာထားဧကသိန်း ၂၀ ပြည့်မီရေး နည်းလမ်းများအောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးရာသီ သီးနှံချေးငွေများ ရာနှုန်းပြည့်ချေး

တောင်ကြီး ဩဂုတ် ၁၄

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှမ်းပြည်နယ်ဘဏ်ခွဲ(၁)နှင့် လက်အောက်ခံ ဘဏ်ခွဲငါးခုသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်၁၄မြို့နယ်အတွင်းမှ ကျေးရွာ၁၂၉ရွာရှိ တောင်သူလယ်သမား ၁၂၀၈၀တို့၏ ၂၀၀၈-၂၀၀၉ခုနှစ် မိုးရာသီ စိုက်ပျိုးသီးနှံများဖြစ်သည့် မိုးစပါး၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ ပဲပုတ်၊ ပဲစင်းငုံစသည့် သီးနှံငါးမျိုးမှ ဧကပေါင်း ၈၃၄၉၇ အတွက် ချေးငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၆၁၅၀ ဒသမ ၉၂ကို ၂၀၀၈ခုနှစ် ဇူလိုင်လအပြီး ပြည်နယ်မန်နေဂျာ ဦးမြမောင်နှင့် မြို့နယ်မန်နေဂျာများ၊ ဝန်ထမ်းများက သက်ဆိုင်ရာ မြို့နယ်များအလိုက် ထုတ်ချေးပေးကြောင်းနှင့် ၂၀၀၇-၂၀၀၈ခုနှစ် မိုးရာသီချေးငွေများအားလည်း အပြည့်အဝ ပြန်လည်ကောက်ခံနိုင်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး သီပေါ၌ ပိုးလောက်လမ်းရှာဖွေနှိမ်နင်းဆောင်ရွက်

သီပေါ ဩဂုတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၅ရက်မှစတင်၍ ပိုးလောက်လမ်းရှာဖွေနှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်ခြင်းကို မြို့ပေါ်(၁၁) ရပ်ကွက်၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန် ဒေါက်တာရီရီထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ကျင်မြနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းပြုံးချိုနှင့် အသင်းဝင်များ၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများက ရေအိုး၊ ရေခွက်၊ ကားတာယာ၊ ချိုင့်ခွက်များအတွင်း ခြင်များ ခိုအောင်းခြင်းမရှိစေရန် ပိုးလောက်လမ်းများမပြန့်ပွားစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကို တိကျစွာ လိုက်နာကျင့်သုံးရန်နှင့် အိမ်ဝန်းကျင်အတွင်း ခြင်ယင်များ ခိုအောင်းမနေစေရန် ချုံနွယ် ပိတ်ပေါင်းများကို စုပေါင်းသန့်ရှင်း ဆောင်ရွက်ခြင်းစသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဩဂုတ်လကုန်အထိ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပျော်ဘွယ်မြို့၌ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ပျော်ဘွယ် ဩဂုတ် ၁၂

ပျော်ဘွယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီက ကြီးမှူး၍ သက်ကြီးနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ပညာသင်စရိတ်ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် သက်ကြီးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေများ ချီးမြှင့်ကြပြီး ပညာသင်ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ ပေးအပ်ကြသည်။

(၀၈၅)

မြို့နယ် သတင်းများ

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးစီမံမှုဖြင့် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူများပူးပေါင်း၍ ပေကုန်း-မော်ကယ်လမ်း(ကုန်းစည်းကျေးရွာအပိုင်း) ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်၊ ဒုတိယရဲမှူး မြင့်သန်း၊ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသူရကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်းလေးကန်အတွင်းရှိ ကျေးရွာများ၏ မိလ္လာစနစ်ပြုပြင်ရန်အတွက် ဆောင်ရွက်မှုကို ဇွန် ၂၁ရက်က ကြေးစားကုန်း(မြောက်)စံပြကျေးရွာတွင် ဇီဝဩဇာသုံး ယင်လုံအိမ်သာတည်ဆောက် အသုံးပြုရာသို့ အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖန်းမော်မြို့နယ်စည်ပင် ရေနုတ်မြောင်းတူးဖော်

ဖန်းမော် ဩဂုတ် ၁၄

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းမကြီးများတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရုံးကြီးလမ်းနှင့် လေယာဉ်ကွင်းလမ်းဘေးဝဲယာ တစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ် ၆ရက်က ဆောင်ရွက်ရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နောင်ချိုမြို့နယ် မြနန္ဒာပန်းခြံ မြေယာရှင်း အလှပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို ဇူလိုင် ၂၂ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးအတွက် မြို့မဈေး အတွင်း အပြင် ခြင်ဆေးဖျန်းခြင်းကို ဩဂုတ် ၁ရက်က လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်မျိုးနှင့်အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တီဘီရောဂါတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေး

ကန့်ဘလူ ဩဂုတ် ၁၂

အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်က ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးကြွယ်က တီဘီရောဂါ ကူးစက်ပြန့်ပွားပုံနှင့် ကာကွယ်ကုသရေး ဆောင်ရွက်မှုအခြေအနေတို့ကို အသိပညာပေး ဆွေးနွေးသည်။ (၀၂၇)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် တရားရုံးချုပ်ရှေ့နေကြီး ဦးခင်မောင်ညွန့်-အကယ်ဒမီ ဒေါ်မြင့်မြင့်ခင် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီထံ ကပ္ပိယကာရကမှတစ်ဆင့် ဆက်ကပ် လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စမ်းချောင်း လင်းလွန်းပင် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော ရှေးဟောင်းသိမ်တော်ကြီးနှင့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် တိုက် (C) အခန်း(၃) ဆရာဝန်ရိပ်သာ ကလေးဆေးရုံဝင်းနေ မိခင်ကြီး ဒေါ်ရှင်ရှင် တစ်နှစ်ပြည့်အားရည်စူး၍ ဦးတင်ထွန်း-ဒေါက်တာခင်ရွှေမာ၊ ဦးမောင်မောင်-ဒေါက်တာခင်စောညို မိသားစုက အလှူငွေကျပ် တစ်သိန်းကို တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသံဝရထံ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

လှူဒါန်းနိုင်

ပြုပြင်ဆဲကျောင်းဆောင်များအတွက် လှူဒါန်းလိုပါက လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၅၃၇၆၅၇သို့ ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် စစ်တွေ၌ကျင်းပ

စစ်တွေ ဩဂုတ် ၁၀

ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၆ရက် နံနက် ၈နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီးက တက်ရောက်အမှာစကားပြောကြားရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးမှ ကမကထပြု၍ မတည်ငွေထည့်ဝင်ပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပျက်စီးသွားသော မိုးကုတ်ဝိပဿနာမွေ့ရိပ်သာအဖွဲ့ခွဲ ၁၅ဖွဲ့သို့ အလှူရှင်များစုပေါင်းလှူဒါန်းငွေကျပ် ၁၈၈၅၀၀၀၀ကို ဩဂုတ် ၂ရက်က အဖွဲ့ချုပ်ကြီး၌ စုပေါင်းလှူဒါန်းပွဲကျင်းပရာ အဖွဲ့ခွဲကိုယ်စားလှယ်များသို့ ဥက္ကဋ္ဌ ဦးလှရွှေ လှူဒါန်းပေးရာ ကိုယ်စားလှယ်အသီးသီးက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မူးယစ်ဆေးဝါးဆန့်ကျင်ရေးရုပ်သေးနှင့် လက်ထိုးဇာတ်လမ်းများ ပညာပေးပြသ

ရန်ကုန် ဩဂုတ် ၁၇

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) တွဲဖက်အတွင်းရေးမှူးဦးသာထွန်း ဦးဆောင်သည့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ပညာပေးသရုပ်ပြပွဲကို ဩဂုတ် ၁၁ရက် မွန်းလွဲ ၁နာရီက အင်းစိန် အလက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးသာထွန်း**(အောက်ပုံ)**၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒေါက်တာမောင်ယဉ်ကျော်)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မြင့်တို့က အမှာစကားပြောကြားကြပြီး အခမ်းအနားကိုဖွင့်လှစ်ကာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးကြိုးဆွဲရုပ်သေးနှင့် လက်ထိုးဇာတ်လမ်းများဖြင့် ပညာပေးပြသသည်။

အလားတူ မူးယစ်ဆေးပညာပေး လက်ထိုးရုပ်အဖွဲ့သည် ယင်းနေ့နံနက်ပိုင်းက အင်းစိန်အမက(၄၉)၌ မူလတန်းကျောင်းသားကျောင်းသူများအား ပညာပေးပြသသည်။ (၁၂၇)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း မုဒုံ၌ ဖွင့်လှစ်

မုဒုံ ဩဂုတ် ၁၀

မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/ ၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၁၀နာရီက မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပို့ချ

သင်တန်းတွင် မုဒုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းတွင် စာကြည့်တိုက်ဆိုင်ရာ ပညာရပ်များကို စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သင်းသင်းယုက ဆွေးနွေးပို့ချသည်။

သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာ ၄၂ခုမှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာရေး ၄၂ဦးတက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ပျော်ဘွယ်၌ဖွင့်

ပျော်ဘွယ် ဩဂုတ် ၁၄

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခန်းမ၌ ဩဂုတ် ၆ရက် နံနက် ၁၀နာရီက ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးများ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာကြည့်တိုက်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များ၊ စာကြည့်တိုက် မှတ်ပုံတင်ရေးနှင့် စာကြည့်တိုက်ပညာရပ်များကို သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို ကျေးရွာအုပ်စုမှ စာရေးဝန်ထမ်း ၈၅ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေဦးမြို့နယ်စည်ပင် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်

ရေဦး ဩဂုတ် ၁၅

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ပင်မရေမြောင်းများနှင့် လမ်းသွယ်ရေမြောင်းငယ်များကို မြေတူးစက်ယန္တရား အသုံးပြုဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ရက်က အောင်ချမ်းသာရပ်ကွက်နှင့် အောင်ဆန်းရပ်ကွက်အတွင်း ရေမြောင်းတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ကြီးကြပ်ပေးကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄ နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျားအကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်၊ မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန်၊ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့ အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကို ဝတ်ဆင်ထားပေးပါ)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်မပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စာကြည့်တိုက်များ ကိုယ်ပိုင်ဖြစ်ပေါ်ရေး ပြန်/ဆက် ရုံးလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

ချောင်းဆုံ ဩဂုတ် ၁၀

မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်သည် ဩဂုတ် ၂ရက်နှင့် ၃ရက်တို့က ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်ဖြစ်ပေါ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို ဆွေးနွေးပြီး ရုံးလုပ်ငန်းဆိုင်ရာများ စစ်ဆေးသည်။

မှာကြားဆွေးနွေး

ဆက်လက်၍ မြို့နယ်အတွင်း ရှင်သန်ပြီးဖြစ်သော မုရစ်ကလေးကျေးရွာရှိ ပညာ့ဗိမာန်စာကြည့်တိုက်နှင့် ရွာလွတ်ကျေးရွာရှိ ဘဝသစ်စာကြည့်တိုက်များကို ဝင်ရောက်စစ်ဆေး၍ လိုအပ်သည်များ မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို ဇူလိုင်၅ရက်က အဖွဲ့(ယာယီ)ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း)က အမှာစကားပြောကြားစဉ်။ (၀၄၇)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	**ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်**
ဒုတိယရုံးအဖွဲ့မှူး	**ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။**

အသိပညာဗဟုသုတများ တိုးတက်ပွားများစေမည့် အမြင်သစ် စတုတ္ထအကြိမ် ရှားပါးစာအုပ်ရောင်းပွဲ၊ ပြပွဲ

စာပေသတင်း
မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၇

ဘဝဒ္ဓိတိုးတက်အောင်မြင်မှုများရရှိရန် စာပေဗဟုသုတ ကြွယ်ဝမှုလိုအပ်သည်။ စာပေမှပေးသော အသိပညာသည် ဘဝတစ်လျှောက်လုံးအတွက် မီးရှူးတန်ဆောင်သဖွယ် လမ်းပြပေးနိုင်သည်။ ထို့ကြောင့် ရသမျှအချိန်တိုင်း အကျိုးရှိစေမည့် စာအုပ်စာပေများကို လေ့လာဆည်းပူးသင့်သည်။

ခင်းကျင်းပြသ

ဘဝအတွက် အသိပညာဗဟုသုတများကို ပေးစွမ်းနိုင်သည့် **'အမြင်သစ် စတုတ္ထအကြိမ်ရှားပါးစာအုပ်ရောင်းပွဲ၊ ပြပွဲ'** ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ လောကနတ်ခန်းမ၌ ဩဂုတ် ၁၈ရက် **(ယနေ့)** မှ ၂၀ ရက်အထိ စတင်ခင်းကျင်းပြသနေပြီဖြစ်သည်။

'ဒီလိုရှားပါးစာအုပ်တွေကို တစ်နေရာတည်းမှာ တစုတဝေး ကြည့်ရှုလေ့လာခွင့်ရအောင်နဲ့ ရှားပါးစာအုပ်တွေဟာ ဘယ်လိုတန်ဖိုးရှိတယ်၊ ဘယ်လိုထိန်းသိမ်းသင့်တယ်ဆိုတာ သိစေချင်တာပါ။ ဒါ့အပြင် ရှားပါးစာအုပ်ကောင်းတွေကို ဈေးနှုန်းချိုသာစွာနဲ့ စာဖတ်သူတွေလက်ထဲ အဆင်ပြေပြေ ရောက်စေလိုတာလည်းပါတယ်။ စာပေကတစ်ဆင့် အသိပညာ၊ အတတ်ပညာ တိုးပွားပြီး တိုင်းပြည်ရဲ့ လူမှုရေး၊ စီးပွားရေး ထူထောင်မှုမှာ ကြီးမားတဲ့ အခန်းကဏ္ဍက ပံ့ပိုးပေးနိုင်ဖို့အတွက်

စာမျက်နှာ ၆ ကော်လံ ၁ ●

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ထုတ်ဝေခဲ့သည့် ဂျာနယ်များကလည်း ဤသို့ လေ့လာချင်စဖွယ်။

မြန်မာ့အလင်း သတင်းအညွှန်း



လကြတ်မှု ထူးခြားစွာဖြစ်ပေါ်

ဩဂုတ် ၁၆ ရက်က နေ၊ ကမ္ဘာနှင့် လဂြိုဟ်တို့ တစ်တန်းတည်းဖြစ်ကာ ကမ္ဘာ၏အရိပ်သည် လဂြိုဟ်ပေါ်သို့ ကျရောက်ခဲ့ပြီး လကြတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။

အာကာသသိပ္ပံ စာ-၄

မျက်စိအမြင်လွှာ ရုတ်တရက်ချို့ယွင်းလျှင် နှလုံးရောဂါ ဖြစ်ပွားနိုင်

ခန္ဓာကိုယ်အတွင်း သွေးလည်ပတ် စီးဆင်းမှုစနစ် ထိခိုက်သည့်အခါ မျက်စိအမြင်လွှာချို့ယွင်းမှု ဖြစ်ပွားပြီး အူလမ်းကြောင်းနှင့် သွေးကြောများအတွင်း သွေးကလာပ်စည်းပျက်စီးမှု များလာသည့်အခါ မျက်စိအမြင်လွှာကို ထိခိုက်ပျက်စီးစေသည်။

အင်တာနက်ကျန်းမာရေး စာ-၅